မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၈၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကိုကိုးကျွန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဧပြီ ၂ရက် နံနက် ၇နာရီခွဲတွင် ကိုကိုးကျွန်းမြို့ သာသနာ့မဏ္ဍိုင်ကျောင်းသို့ ရောက်ရှိကြပြီး သံဃာတော် အရှင်သူမြတ်များအား လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ ဖူးမြော် ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဇိနမာရဇိန်စေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်ရင်ပြင်၌ နေပူခံစကျင်ကျောက်ပြားများခင်းထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စေတီတော်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများကို ဆက်ကပ်လှူဒါန်းကာ ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ကိုကိုးရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်နိုင်ရေး ခေတ်အမီဆုံး စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်လှစ်ပေးခဲ့

သတင်းမှတ်စု - နုနုရီနှင့် တင်မာဝင်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၄

ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန် မြင့်မားလာစေရေးအတွက် နိုင်ငံတော်ပိုင်စက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အကြီးစားစက်မှုလုပ်ငန်းများ၊ အလတ်စားစက်မှုလုပ်ငန်းနှင့် အငယ်စားစက်မှုလုပ်ငန်းများကို နိုင်ငံတစ်ဝန်း စနစ်တကျ စုစည်းထားရှိပြီး စက်မှုဇုန် ၁၈ခုကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

အရှိန်အဟုန်

တစ်ဖက်တွင်လည်း နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ဆက်လက်မြင့်တင်နိုင်ရေးအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအသီးသီးက မိမိတို့ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၅ ရက်)

မြန်မာတို့၏ ကြံ့ခိုင်မှုစိတ်ဓာတ် အရင်းတည် နာဂစ်လွန် မြန်မာ့အနုပညာများက ဖော်ညွှန်းပြသ

သမဝါယမဝန်ကြီးဌာနနှင့် ဗဟိုသမဝါယမအသင်းလီမိတက်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပု အရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆရာစံပလာဇာဥပစာ၌ ဧပြီလ ၃ရက်နေ့က ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာ့ပန်းပုအနုပညာထုတ်ကုန်ပစ္စည်းများ ပြည်တွင်း၊ ပြည်ပဈေးကွက်များတွင် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်နိုင်ရေး၊ တန်ဖိုးနည်းသစ်သားများကို အနုပညာထပ်ပေါင်းတန်ဖိုး မြင့်မားလာရေးနှင့် လေ့ခွက်ချည်းကျန် အလံမလဲဟူသည့် မြန်မာတို့၏စိတ်ဓာတ်ကို ပြသနိုင်ရေး စသော ရည်ရွယ်ချက်များဖြင့် နာဂစ်လွန်မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ကျင်းပနေခြင်းဖြစ်သည်။

နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ရှိ ပန်းပုရုပ်တုများသည် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြိုလဲခဲ့ရသော သစ်ပင်၊ သစ်မြစ်နှင့် ထုဆစ်ထားခြင်းဖြစ်သည်။

ရန်ကုန်၊ မန္တလေး၊ ပဲခူးတိုင်းနှင့် ရခိုင်ပြည်နယ်တို့မှ ပန်းပုပညာရှင် ၄၀၀ကျော်တို့က မြန်မာမှု ပျူ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ တောင်ငူနှင့် ကုန်းဘောင်ခေတ်လက်ရာရုပ်တုများ၊ တရုတ်ယဉ်ကျေးမှုဆိုင်ရာ လက်ရာရုပ်တုများ၊ ဥရောပလက်မှုပညာ ပုံစံရုပ်တုများနှင့် မော်ဒန်လက်ရာ ရုပ်တုများအပါအဝင် ရုပ်တုပေါင်း ၇၀၀ ကျော်တို့ကို ထုဆစ်ပြသထားသည်။

နာဂစ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ကြေကွဲဝမ်းနည်းနေခြင်းမပြုဘဲ တန်ဖိုးမဲ့ဖြစ်ရမည့် ပစ္စည်းများကို အနုပညာလက်ရာနှင့် ပေါင်းစပ်၍ တန်ဖိုးမြှင့်တင်ပြီး မြန်မာ့အနုပညာလက်ရာများကို ဖော်ထုတ်ပြသနိုင်ခြင်းသည် မြန်မာပြည်သူတို့၏ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယကို ဖော်ညွှန်းပြသလျက်ရှိသည်။

ပြပွဲတွင် ပျူ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ တောင်ငူနှင့် ကုန်းဘောင်ခေတ် မြန်မာ့ယဉ်ကျေးမှု သရုပ်ဖော်ပန်းပုရုပ်တုများ၊ တရုတ်နှင့်ဥရောပ လက်မှုပညာပုံစံ ပန်းပုရုပ်တုနှင့် ပန်းချီကားများကို ပြသထားသည်။ ထူးခြားမှုမှာ နာဂစ်ကြောင့်ပြိုလဲခဲ့ရသော နှစ် ၁၀၀ကျော်သက်တမ်းရှိသည့် ကုက္ကိုပင်ကြီးကို စည်တော်ကြီးအသွင် ထွင်းထုထားခြင်းဖြစ်သည်။

သို့ဖြစ်ပေရာ နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကြီးသည် မြန်မာတို့၏ နိုးကြားတက်ကြွသော စိတ်ဓာတ်၊ မြန်မာတို့၏ ပြောင်မြောက်သော ပန်းပုအနုပညာလက်ရာများကို ဖော်ညွှန်းပြသလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၅-၄-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၁၂)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ချိုမြိန်ချစ်သူ**
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၃၆)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၁။ လျှပ်တစ်ပြက်
၆:၄၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၂၀)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုတ်မုန့်ချစ်သူ**(အပိုင်း-၁၂)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်

ရန်ကုန် ဧပြီ ၄

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်၁၀နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဆရာစံလမ်းရှိ ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

လုပ်ငန်းညှိနှိုင်း

ထို့နောက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းနှင့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းတို့က ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ တိုင်းနှင့်ပြည်နယ်တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နေပြည်တော် မြန်မာ့အသံ

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)

(၆-၄-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် **(မောရသုတ်+ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ လယ်ယာစီးပွား (၄က်ပျောစိုက်ပါ)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ မေတို့တွက်တာအလှကမ္ဘာ (အဝတ်အစားအရောင်အသွေး)
၁၁:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ သိပ္ပံပညာသိကောင်းစရာ (ဗာကျူရယ်)
၁၁:၄၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း
၁၂:၁၀ တေးပဒေသာ
၁၂:၃၀ အားကစားသတင်းပဒေသာ
၁၂:၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (သစ်စေ့နှစ်စေ့)
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ကလေးများရဲ့ ဖွံ့ဖြိုးမှု)
၁၇:၁၀ ဇာနည်စစ်သည်တေးပန်းချီ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ရေဒီယိုအတိုတ်တေးအရိပ် နိုင်ငံရေးဦးတည်ချက်
၁၉:၂၅ ရွှင်လန်းစေချင်သောတရှင်
၁၉:၄၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (ကြင်ကြင်နာနာချိုချိုသာသာ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀ သီချင်းကြီး
၂၁:၁၅ လူမှုရေးဦးတည်ချက် ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁:၃၅ တေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ကံကောင်းသူများ** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၇:၄၀-၁:၄၀ Sunday Talk (ဝင်းဖေမြင့်၊မြင့်စိုး၊ မျိုးမြတ်သူ)
၈:၅၀-၂:၅၀ Soccer Update
၉:၀၅-၃:၀၅ ခါသကြန်နှံ့အဆိုအက
၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀ အကြော်ခံဆီအန္တရာယ် (ဒေါက်တာခင်မောင်လွင်)
၉:၅၀-၃:၅၀ တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀ အညာဒေသစပါးအထွက်တိုးစေမည့် ပခုက္ကူခရိုင်မှကြီးရှာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း
၁၀:၂၅-၄:၂၅ မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀ ကမ္ဘာ့အားကစားဇာတ်ခုံ
၁၀:၅၅-၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅ မအီချောင်းတံတား
၁၁:၁၀-၅:၁၀ ခါသကြန်နှံ့အဆိုအက
၁၁:၂၀-၅:၂၀ ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၁:၃၀-၅:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅-၅:၃၅ Activities in the City (Anglo-French ကုမ္ပဏီ၏ အားဆေးသစ် မိတ်ဆက်ပွဲ)
၁၁:၅၀-၅:၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂)သောတာရုံ အမှတ်သညာ ပြက်ပြက်ထင်ထင် စတင်ခြင်း
၁၂:၁၅-၆:၁၅ International Video Topics (ကမ္ဘာ့ဦးက ဂြိုဟ်သားများ)
၁၂:၄၀-၆:၄၀ ခါသကြန်နှံ့အဆိုအက
၁၂:၅၀-၆:၅၀ **သတိတစ်ချက်၊တစ်သက်အမှား** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	Everton-Wigan	STAR SPORTS (Live)
၉:၂၅	Man Utd-Villa	ESPN (Live)

ကျိုင်းတုံ မမ္မဝတီ ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး တက်ရောက်

နေပြည်တော် ဧပြီ ၄

ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက် မမ္မဝတီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးသည် ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများနှင့်အတူ တက်ရောက်ပြီး လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ (၆၄) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို မတ်၂၇ရက်က တိုင်းစစ်ဌာနချုပ်စစ်ရေးပြကွင်း၌ ကျင်းပရာ တိုင်းမှူးနှင့် စစ်ရေးပြတပ်ခွဲများက နိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသောတပ်မတော်သားများအား အလေးပြုကာ သစ္စာ(၄)ချက်ရွတ်ဆိုကြပြီးတိုင်းမှူးကမိန့်ခွန်းပြောကြားသည်။

ပေးအပ်

ထို့နောက် တိုင်းမှူးသည် စစ်ရေးပြဆုများရရှိကြသည့်တပ်ခွဲများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျင်းပသည့် (၆၄)နှစ်မြောက် တပ်မတော်နေ့ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းကောင်းတံဆိပ်နှင့် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

(၆၄)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီး တင်းနစ်နှင့် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ရွှေတြိဂံတင်းနစ်အားကစားကွင်း၌ ကျင်းပရာ တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆုရရှိကြသည့် အားကစားသမားများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက်တိုင်းမှူးသည် တပ်မတော်နေ့ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အလှူရှင်များ အလှူငွေများနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့်ဒုတိယတိုင်းမှူးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ကိုကိုးကျွန်းရဲစခန်းနှင့် ငွေတိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကိုကိုးကျွန်းမြို့နယ် ဆက်သွယ်ရေးစခန်းရှိ စာတိုက်၊ကြေးနန်းနှင့် တယ်လီဖုန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ယာယီသစ်သားရေဆင်းတံတားသို့ ရောက်ရှိကြပြီး ယာယီသစ်သားရေဆင်းတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ကိုကိုးကျွန်းမြို့နယ် မူလတန်းကြိုကျောင်းသို့ ရောက်ရှိကြပြီး ကလေးငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများနှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များက လူနာများအား အခမဲ့ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးကြကာ ဆရာဝန်ကြီးများနှင့် ဝေဒနာရှင်များအား နှုတ်ဆက်အားပေးသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မျက်စိဝေဒနာရှင်များအား မျက်မှန်များ အခမဲ့တပ်ဆင်ပေးပြီး ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အတူလိုက်ပါလာသော ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့် ဦးဆောင်သော နား၊ နှာခေါင်း၊ လည်ချောင်း၊ အကြော၊ အရိုး၊ အဆစ်၊ ခွဲစိတ်၊ ကလေးရောဂါ၊ သားဖွားမီးယပ်၊ မျက်စိ၊ မေ့ဆေးအထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကုသမားတော်နှင့် တိုင်းရင်းဆေးသမားတော်များက ကိုကိုးကျွန်းမြို့နယ်ရှိ ပြည်သူ ၄၇၉ဦးတို့အား ဆေးဝါးများ အခမဲ့ကုသပေးခဲ့ပြီး ခွဲစိတ်ကုသလူနာလေးဦးတို့အား ခွဲစိတ်ကုသပေးခဲ့သည့်အပြင် မျက်စိဝေဒနာရှင်၄၆ဦးတို့အား ကုသပေးခဲ့ပြီး မျက်မှန်များ အခမဲ့တပ်ဆင်ပေးခဲ့သည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ကိုကိုးကျွန်းမြို့နယ်ခန်းမသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ် ဘက်စုံဖွံ့ဖြိုးရေးကော်မတီ ဒုတိယဥက္ကဋ္ဌက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက မြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် သုတ၊ ရသ စာအုပ်များကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ကိုကိုးကျွန်းမြို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မွန်းလွဲပိုင်းတွင် ကိုကိုးရေလှောင်တမံကိုလည်းကောင်း၊ ကိုကိုးကျွန်း ပတ်လမ်းအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရှုရပ်မှ ဒေသအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး ရန်ကင်းစင်တာ၌ပြုလုပ်

ရန်ကုန် ဧပြီ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲအခမ်းအနားကို ရန်ကင်းစင်တာ၌ ယမန်နေ့က ကျင်းပရာ ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

လက်တွေ့မီးငြိမ်းသတ်

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် မီးသတ်တပ်ဖွဲ့မှူး ရဲသူရိန်သိန်းမြင့်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး ရဲသူရိန်သိန်းမြင့်၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူးမျိုးမြင့်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းပြပြီး ရန်ကင်းစင်တာရှိ ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်စေခြင်းများ ပြုလုပ်ပြီး ဆက်လက်၍ ရန်ကင်းစင်တာ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မျိုးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အခမ်းအနားသို့ ရန်ကင်းစင်တာရှိဝန်ထမ်းများ၊ ဈေးသူဈေးသားများ တက်ရောက်ကြသည်။ **(၁၇၀)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့နာယက ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brig-Gen A.N.M Shawkat Jamal နှင့် နိုင်ငံခြားစစ်သံမှူးများ၊ မိသားစုဝင်များပါဝင်သည့် လေ့လာရေးအဖွဲ့ ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ Ever Winner ကျောက်စိမ်းအလုပ်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုဝင်များ မြစ်ကြီးနားနှင့် ဖားကန့်တို့သို့ သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့နာယက ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brig-Gen A.N.M Shawkat Jamal နှင့် နိုင်ငံခြားစစ်သံမှူးများ၊ ၎င်းတို့၏ မိသားစုဝင်များပါဝင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဖားကန့်ရတနာမြေ၌ ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှု လုပ်ငန်းများနှင့် ဒေသ၏ သာယာလှပမှုများကို ကြည့်ရှုလေ့လာရန် ဧပြီ ၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၀နာရီ မိနစ်၂၀တွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များအား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ဇနီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး တိုင်းရင်းသား တိုင်းရင်းသူများက ပန်းစည်းပေးအပ်၍ ကြိုဆိုကြသည်။

ယင်းနောက် တာဝန်ရှိသူက ကချင်ပြည်နယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး နိုင်ငံခြားစစ်သံမှူးများအဖွဲ့ နာယကက ကျေးဇူးတင်စကား ပြောကြားသည်။

ညပိုင်းတွင် လေ့လာရေးအဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြစ်ကြီးနားမြို့မှ ဖားကန့်မြို့သို့ ရောက်ရှိကြသည်။

လှည့်လည်ကြည့်ရှု

လေ့လာရေးအဖွဲ့ဝင်များသည် ဧပြီ ၂ရက် နံနက်ပိုင်းတွင် ဖားကန့်မြို့နယ် နမ့်မော်ရှိ သတ္တုတွင်းဝန်ကြီးဌာန၏ တန် ၃၀၀၀ ကျောက်စိမ်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် Ever Winner ကျောက်စိမ်းအလုပ်ရုံနှင့် လုံးခင်းမော်စီဇာလုပ်ကွက် အမှတ်(၇)ရှိ ကျောက်စိမ်းလုပ်ကွက်များကို ကြည့်ရှုလေ့လာကြပြီး မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ညပိုင်းတွင် နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုဝင်များအား တိုင်းမှူးနှင့်ဇနီးတို့က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မိုးလုံလေလုံအားကစားရုံ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

အတာရေပက်ဖျန်း

ဂုဏ်ပြုညစာစားပွဲတွင် တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကပွဲအပြီး၌ တာဝန်ရှိသူများက ဖျော်ဖြေတင်ဆက်ကြသော အကအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် နှစ်သစ်ကူးအကြိုအဖြစ် အတာရေများ အပြန်အလှန် ပက်ဖျန်းကြသည်။

လေ့လာရေးအဖွဲ့ဝင်များသည် ဧပြီ ၃ရက် နံနက်ပိုင်းတွင် ဧရာဝတီမြစ် စတင်ပေါင်းဆုံစီးဆင်းရာ မေခနှင့် မလိခမြစ်ဆုံသို့ သွားရောက်ကြည့်ရှု လေ့လာကြပြီး မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ မြို့မဈေးကြီးနှင့် ဆန်းကျောက်မျက်ရတနာအရောင်းပြခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၄)ဖြန့်ချိ

ရန်ကုန် ဧပြီ ၄

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၄)၌ ဦးစိုင်းခင်မောင် (၁၀၅မိုင် ကုန်သွယ်ရေးဇုန်ရှိ ခွာညိုရောင်းဝယ်ရေးကုမ္ပဏီမန်နေဂျာ) နှင့် ဖလားဝါးနယူးစ်တို့ တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ ဈေးကွက်အတွင်း ဆိုးဆေးသုံး လက်ဖက်များစွာ ကျန်ရှိနေသည့်အတွက် FDA က ကင်းရှင်းကြောင်း လက်မှတ်ထုတ်မပေးသေးဟုဆို၊ နေပြည်တော်တွင် ရာသီဥတုသတင်းများ အလိုအလျောက် ဖြေကြားပေးမည်၊ အင်္ဂလန်မှ စစ်ဆေးသော အင်ဂျင်နီယာဒီပလိုမာဘာသာရပ်တွင် မြန်မာကျောင်းသားတစ်ဦး ကမ္ဘာ့အမှတ်အများဆုံး ရွှေတံဆိပ်ဆုဆွတ်ခူး၊ မြန်မာကျောင်းသား ၁၀ဦး ဂျပန်တက္ကသိုလ် ပညာသင်ဆုရ၊ ဘရူနိုင်းနိုင်ငံတွင် ယာဉ်မတော်တဆမှုကြောင့် မြန်မာအမျိုးသားတစ်ဦးသေဆုံး၊ ယာဉ်လမ်းကြောင်း ပိတ်ဆို့ခြင်းမဖြစ်စေရန် ပြည်လမ်းမပေါ် သင်္ကြန်မဏ္ဍပ်ဆောက်ခွင့်မပေး၊ မုန်တိုင်းရာသီ လာတော့မည်ဖြစ်၍ မိုးလေဝသသတင်းများ ဂရုစိုက်ရန်လို စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ သူ့ဘဝ သူ့ဒဿန 'ကျောင်းဆရာမအလုပ်ကတော့ မချမ်းသာပေမယ့် ဂုဏ်ရှိတယ်' မနွယ်နွယ်လှိုင် (ကျောင်းဆရာမ) နှင့် စကားလက်ဆုံ၊ တစ်ပတ်စာ အရသာသစ် 'ကိုရီးယား ရေခဲခေါက်ဆွဲ (Cold Noodle)၊ 'ယူနီယံဂျက်ကို စိန်ခေါ်ခဲ့တဲ့ မြန်မာနှစ်ဆန်းတစ်ရက်' နှင့် 'အတာတန်ခူး ရွှင်မြူးနိုင်စေ' ရှုမြင်သုံးသပ် သင်္ကြန်အထူးဆောင်းပါးများနှင့်အတူ ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကဏ္ဍများစုံလင်

ဘားရက်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ(၁၉)'၊ 'တော်လှန်ပြောင်းလဲရေးကိုယ်စား ပြောဆိုပေးနိုင်ပါလိမ့်မယ်' အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် Fox News မှ ဂျိမ်းစ်ရိုဆင်တို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ကမ္ဘာ့ငွေကြေးအကျပ်အတည်း ကိုင်တွယ်ဖြေရှင်းရန်အတွက် ဂျီ-၇အစား ဂျီ-၂၀က အဓိကအခန်းကဏ္ဍတွင် နေရာယူ၊ ကုန်းပေါ်မှ ရေထဲသို့ အလွယ်တကူ ကူးပြောင်းသွားနိုင်သော ဖိုမ်ခံဘတ်စ်ကားတစ်စီး၊ မချစ်တတ်၍ အချစ်ငတ်သူများ အချစ်ကျောင်းကိုသွား၊ ကျောင်းသားတစ်ဦးကို မုဒိမ်းမှုကျူးလွန်သူဟု ရှေ့နေမက စွပ်စွဲ၊ မက်ဒေါနားက မွေးစားသား ဒေးဗစ်အား သူ၏ဖခင်အရင်းနှင့် ပြန်လည်ပေးတွေ့၊ တောင်ကိုရီးယားက မြောက်ကိုရီးယားမှ ထွက်ပြေးခိုလှုံလာသူတို့အတွက် အထောက်အကူဖြစ်စေမည့် စင်တာဖွင့် စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီ၊ မကွေးမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ဒသမ ဝ၆လက်မနှင့် ကျိုင်းတုံမြို့တွင် ၀ ဒသမ ၆၇လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၅ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်း ရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့ အနီးတစ်ဝိုက်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

"မီး" အစဉ်သတိပြု

ကမ္ဘာ့စီးပွားနာလန်ထူရေး ကြိုးပမ်းမှု တရုတ်နိုင်ငံ တက်ကြွစွာပါဝင်ရန် အာမခံ

လန်ဒန် ဧပြီ ၄

တရုတ်နိုင်ငံက ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူရေးတွင် ကျန်ကမ္ဘာ့အသိုက်အဝန်းနှင့်အတူ လက်တွဲကာပါဝင် ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်သမ္မတဟူကျင်တောင်က နိုင်ငံ၂၀အုပ်စု(ဂျီ-၂၀) ထိပ်သီးအစည်းအဝေးတွင် အာမခံပြောကြားသည်။

ပါဝင်ဆောင်ရွက်မည်

နိုင်ငံ စီးပွားရေးမူဝါဒ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်၊ နိုင်ငံတကာငွေကြေးစနစ်ပြုပြင်ပြောင်းလဲရန်၊ ဘက်စုံကုန်သွယ်ရေးစနစ်တည်ငြိမ်ရေးထိန်းသိမ်းရန်နှင့်ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထူရေးကို အထောက်အကူပြုရန် တရုတ်နိုင်ငံက တက်ကြွစွာပါဝင်ဆောင်ရွက်မည်ဟု တရုတ်သမ္မတဟူကျင်တောင်က ပြောကြားသည်။

တရုတ်နိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းမှ တာဝန်ရှိသည့်နိုင်ငံအဖြစ် ဘဏ္ဍာငွေကြေးအကျပ်အတည်း တိုက်ဖျက်ရန် နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ အခက်အခဲများ ကြုံတွေ့ရသည့်ကြားမှပင် တရုတ်နိုင်ငံသုံးငွေ တန်ဖိုးတည်ငြိမ်အောင် ထိန်းထားကြောင်း စသဖြင့် သမ္မတဟူကျင်တောင်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ ကျူရှူးကျွန်းတောင်ပိုင်း ဖူကူအိုကာဒေသရှိ မော်တော်ကားထုတ်လုပ်သည့်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဧပြီ ၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန် ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း ပြစ်မှုကြီး ၁၆မှု ကျူးလွန်မှုဖြင့် တရားစွဲခံရ

ချီကာဂို ဧပြီ ၄

အီလီနွိုက်စ်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ရော့ဗလာဂိုဇီဗစ်သည် ပြစ်မှုကြီး ၁၆မှု ကျူးလွန်မှုဖြင့် တရားဝင်စွဲချက်တင်ခံရကြောင်း ချီကာဂိုမြို့ရှိ အမေရိကန် ရှေ့နေရုံး၌ ဧပြီ ၂ရက်က ပြောကြားသည်။

စွဲချက်တင်

ဗလာဂိုဇီဗစ်သည် အုပ်ချုပ်ရေးမှူးအဖြစ် အရွေးမခံရမီ ၂၀၀၂ခုနှစ် နောက်ပိုင်းကာလတွင် ၄င်းနှင့် အရင်းနှီးဆုံးလက်ထောက်များ၊ အကြံပေးများနှင့် အီလီနွိုက်စ် ပြည်သူလူထု၏ ခံစားခွင့်များ ပိတ်ပင်စေသည့် အစီအစဉ်အမျိုးမျိုးကို ကျူးလွန်ခဲ့ကြသည်ဟု အီလီနွိုက်စ်ခရိုင်ရှေ့နေရုံးမှ ရှေ့နေ ပက်ထရစ်ဖစ်ဂျာရယ်က စွဲချက်တင်ထားသည်။

စွပ်စွဲခံရ

ဗလာဂိုဇီဗစ်သည် တရားမဝင်လုပ်ငန်း ပြုလုပ်မှု၊ လိမ်လည်မှု၊ ငွေခြိမ်းခြောက်တောင်းဆိုမှုနှင့် သူလျှိုများသို့ သတင်းထုတ်ပြန်ချက် အမှားများပေးပို့မှုတို့ အပါအဝင် ပြစ်မှုကြီး ၁၆မှုဖြင့် စွပ်စွဲခံရခြင်းဖြစ်သည်။

အသုံးပြုခဲ့

၄င်းက စီးပွားရေးလုပ်ငန်း၊ ဥပဒေပြုလုပ်ငန်း၊ ပင်စင်ရန်ပုံငွေ၊ လူ့ဆော်ရေးဆိုင်ရာ အလှူငွေများ လုပ်ငန်းခန့်ထားမှု စသည့်ကိစ္စများ ဆောင်ရွက်ရာတွင် ၄င်း၏ရုံးအားအသုံးပြုခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြိုလဲမှုမရှိသည့် အဆောက်အအုံဒီဇိုင်း

တူရကီနိုင်ငံ ဝင်ဒန်မြို့၌ ပုံစံပြတည်ဆောက်ထားသော သဘာဝဘေးဒဏ်မှ ပြိုလဲမှုမရှိစေသည့် အဆောက်အအုံတစ်လုံးကို ဧပြီ ၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မလေးရှားဝန်ကြီးချုပ်သစ် ကျမ်းသစ္စာကျိန်ဆို

ကွာလာလမ်ပူ ဧပြီ ၄

မလေးရှား ဒုတိယဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်သည် မလေးရှားဝန်ကြီးချုပ်သစ်အဖြစ် ကွာလာလမ်ပူမြို့တော်တွင် ဧပြီ ၃ရက်က ကျမ်းသစ္စာကျိန်ဆိုကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

တက်ရောက်

နာဂျစ်သည် မလေးရှားနိုင်ငံ၏ မြို့တော် ကွာလာလမ်ပူရှိ အမျိုးသားနန်းတော်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ပုံကို မလေးရှား ရုပ်မြင်သံကြားအစီအစဉ်တွင် ထုတ်လွှင့်ခဲ့သည်။ ယင်းကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားသို့ ရာထူးမှနုတ်ထွက်သွားသူ အဗ္ဗဒူလာအာမက်ဘာဒါဝီ၊ ဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်နှင့် အခြားဝန်ကြီးများ တက်ရောက်ကြသည်။

ဆဋ္ဌမမြောက်

ဘာဒါဝီက ၄င်း၏လုပ်ငန်းတာဝန်များကို နာဂျစ်သို့ ပူထရာဂျာယာရှိ ဝန်ကြီးချုပ်ရုံးတွင် လွှဲပြောင်းပေးရန်ရှိသည်။ နာဂျစ်သည် မလေးရှားနိုင်ငံ၏ ဆဋ္ဌမမြောက် ဝန်ကြီးချုပ်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နျူကလီးယားလက်နက်ဖျက်သိမ်းရေးကိစ္စ ကန်နှင့်ရုရှားတို့၏အာမခံချက် ဘာရာဒေး ကြိုဆို

ဗီယင်နာ ဧပြီ ၄

နျူကလီးယားလက်နက်များ ဖျက်သိမ်းရန်နှင့်တကွ အီရန်နှင့် မြောက်ကိုရီးယားအရေးတို့ကို သံတမန်နည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းရန် အမေရိကန်နှင့်ရုရှားတို့၏ အခိုင်အမာပြောကြားချက်မှာ နျူကလီးယားလက်နက် မပြန့်ပွားရေးကြိုးပမ်းမှု အတွက် အားတက်စရာများဖြစ်ကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အကြီးအကဲ အယ်ဘာရာဒေးက ဧပြီ၂ရက်တွင် ပြောကြားလိုက်သည်။

အခိုင်အမာ

နျူကလီးယားလက်နက်လျှော့ချရေး သဘောတူညီမှုကို ဇူလိုင်လတွင် ရရှိစေရန် ကြိုးပမ်းမည်ဖြစ်ပြီး နျူကလီးယားလက်နက်မဲ့ကမ္ဘာကြီးဖြစ်ရေး ကြိုးပမ်းအားထုတ်မည်ဟု ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒက်နှင့် အမေရိကန်သမ္မတအိုဘားမားတို့က လန်ဒန်ထိပ်သီးအစည်းအဝေးတွင် ဧပြီ ၁ရက်က အာမခံ ပြောကြားသည်။ ထို့ပြင် အီရန်၊ မြောက်ကိုရီးယား အရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းမှုဝါဒ ချမှတ်ဆောင်ရွက်မည်ဟုလည်း အခိုင်အမာပြောကြားသည်။

အာမခံချက်

အီရန်အရေးကို တိုက်ရိုက်နှင့် အလုံးစုံအကျုံးဝင်သော သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရေး ရုရှားနှင့် အမေရိကန်သမ္မတ နှစ်ဦး၏ အာမခံချက်ကိုလည်း မိမိကြိုဆိုထောက်ခံကြောင်း အိုင်အေအီးအေ အကြီးအကဲက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ရဲအလိုရှိဆုံး မူးယစ်ရာဇာတစ်ဦး မက္ကဆီကိုတွင် လက်ရဖမ်းဆီးမိ

မက္ကဆီကိုစီးတီး ဧပြီ ၄

မက္ကဆီကိုရဲတပ်ဖွဲ့က အလိုရှိဆုံးသော မူးယစ်ဆေးဝါးမှောင်ခိုသမား ကာရီလိုလေဗာကိုဖမ်းဆီးရမိကြောင်းရှေ့နေချုပ်ရုံးက သတင်းစာရှင်းလင်းပွဲတွင် ဧပြီ၂ရက်က ပြောကြားသည်။

ကာရီလိုသည် အသက်(၃၂)နှစ်ရှိပြီး ၄င်း၏ ဦးလေးတော်သူ ကာရီလိုဖြူယင်တီထံမှမူးယစ်ဆေးဝါးဆိုင်ရာ လုပ်ငန်းတာဝန်များ လွှဲပြောင်းယူခဲ့ရာမှ မက္ကဆီကိုစီးတီးမြို့တွင် အဖမ်းခံရခြင်း ဖြစ်သည်။

ပညာသင်ကြားခဲ့

ကာရီလိုလေဗာသည် မက္ကဆီကိုရှိ စနစ်တကျ ဖွဲ့စည်းထားသည့် ဒုစရိုက်ဂိုဏ်း၏ မျိုးဆက်သစ်ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။ ၄င်းသည် အခြားမူးယစ်ဆေးဝါးလုပ်ငန်း လုပ်ကိုင်သူများနှင့် မတူဘဲ မက္ကဆီကိုရှိ ပုဂ္ဂလိကတက္ကသိုလ်နှင့် ပြည်ပတွင် ပညာသင်ကြားခဲ့သူဖြစ်သည်။

ကြေညာထား

မက္ကဆီကိုရဲတပ်ဖွဲ့က အလိုရှိဆုံးစာရင်းတွင် ပါဝင်သူဖြစ်ပြီး ၄င်းအားဖမ်းဆီးရရှိရန် သတင်းပေးခဲ့ပါက အမေရိကန်ဒေါ်လာ၂ဒသမ၁သန်းပေးရန် ကြေညာထားသည်။

ဖော်ပြထား

အမေရိကန်အစိုးရက ကာရီလိုလေဗာ ဖမ်းမိမှုနှင့် ပတ်သက်၍ မက္ကဆီကိုရှိ အမေရိကန်သံရုံးမှတစ်ဆင့် ချီးကျူးထားသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ပေးခဲ့သည်။

၄င်းအား ဖမ်းဆီးရမိမှုသည် မက္ကဆီကိုတရားရေးဌာနအတွက် အဓိပ္ပာယ် လေးနက်မှုရှိသည့် အောင်ပွဲတစ်ရပ်ဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပျက်စီး

ပါလက်စတိုင်းနိုင်ငံ ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပျက်အစီးများကို ဧပြီ ၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန် လူဝင်မှုကြီးကြပ်ရေးဌာနအား လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် တရားစွဲဆိုထား

လော့စ်အိန်ဂျလိစ် ဧပြီ ၄

အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်လာသူများအား လော့စ်အိန်ဂျလိစ်မြို့၌ ကျန်းမာရေးနှင့်မညီညွတ်သည့် အခြေအနေတွင် ထိန်းသိမ်းထားမှုဖြင့် လူ့အခွင့်အရေးအုပ်စုများက အမေရိကန်လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်စည်းကမ်းထိန်းသိမ်းရေး အေဂျင်စီ(အိုင်စီအီး)အား ခရိုင်တရားရုံးတွင် တရားစွဲဆိုထားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဖမ်းခံရသူများသည် လော့စ်အိန်ဂျလိစ်အကျဉ်းစခန်းတွင်ဆပ်ပြာ၊သောက်ရေ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ လက်သုပ်ပဝါ၊ အဝတ်အထည်နှင့် ချိုးရေမရှိဟု ဧပြီ ၁ရက်တွင် တိုင်တန်းထားသည့် အမှု၌ ဖော်ပြထားသည်။

အခွင့်အရေးဆုံးရှုံး

အဆိုပါအမှုကို တောင်ကယ်လီဖိုးနီးယားပြည်သူ့အခွင့်အရေးသမဂ္ဂ(အေစီအယ်လ်ယူ) အမျိုးသားလူဝင်မှုကြီးကြပ်ရေးဥပဒေဌာန၊ ပေါ်ဟတ်စတင်၊ ဂျင်နော့စကီးနှင့် ဝေါကာဥပဒေဌာနတို့က တရားရုံးသို့ တရားစွဲခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

5-4 (04).pmd 1 4/5/2009, 3:30 AM

မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာ အထက ရွှေရတုကျောင်းဆောင်သစ်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့ တက်ရောက်

ရန်ကုန် ဧပြီ ၄

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးတို့သည် မတ် ၃၀ရက် နံနက်ပိုင်းက မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးနှင့် တိုင်းပညာရေးမှူး ဦးခင်မောင်ရီတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ကျောင်းခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တိုင်းပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး တိုင်းမှူးနှင့် အလှူရှင်များက အလှူငွေကျပ်သိန်း ၁၆၀ကို ပေးအပ်လှူဒါန်းကြသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ ရပ်မိရပ်ဖဦးစိန်သောင်းက ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီက တိုင်းပညာရေးမှူးအား ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၂၀၀၊ အနံပေ ၃၀ရှိ နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ငွေကျပ် ၅၀၈သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၃၁ရက်တွင် အင်္ဂပူမြို့နယ် တစ်တီတူးကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက် အားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဝန်ကြီးနှင့်တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများဖြင့်ပက်ဖျန်းပေးကြပြီး ဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ဒဂုံတင်းဘားကုမ္ပဏီမှ ဒါရိုက်တာ ဦးရဲထွဋ်ဝင်းက ကျောင်းဆောင်သစ်ဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်ကြင်ဌွေးထံ ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များက ကျောင်းငွေပဒေသာပင်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြပြီး ဒဂုံတင်းဘားကုမ္ပဏီမှ ဒါရိုက်တာ ဦးသူရိန်အောင်က စာရေးခုံ ၃၂စုံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၉၀၊ အနံပေ ၃၀ရှိ တစ်ထပ်သံကူကွန်ကရစ် ကျောင်းဆောင်သစ်ဖြစ်ပြီး ဒဂုံတင်းဘားကုမ္ပဏီက ငွေကျပ်သိန်း ၈၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ဝန်ကြီးသည် ညနေပိုင်းတွင် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ ရွှေဧရာဆိုင်ခန်းများ ဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် ကြာပို့ကျေးရွာ၌ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေးအတွက် ဆားနှင့်နွားချေး ဆတူရောစပ်ကာ ဓာတ်ခဲဟောင်းများ အသုံးပြု၍ လျှပ်စစ်မီးရရှိနိုင်ရန် ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

စက်မှု(၁) ဝန်ကြီးဦးအောင်သောင်း တောင်သာမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မတ် ၃၀ရက် နံနက်ပိုင်းက တောင်သာမြို့နယ် ထနောင်းတိုင်ကျေးရွာ၌ ထနောင်းကုန်း၊ ထနောင်းတိုင်၊ ဒေါင့်သစ်၊ လင့်ကြီး၊ ဇီးတော၊ ကိုင်းတောင်နှင့် ဂျုပ်ပင်ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာ ၂၃ရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့တက်ရောက်ပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးလက်မီးလင်းရေးအတွက် နွားချေးနှင့်ဆား ဆတူရောစပ်ကာ ဓာတ်ခဲဟောင်းများကို အသုံးပြု၍ လျှပ်စစ်မီးရရှိမှုအခြေအနေများကို ရှင်းလင်းပြသသည်။

ထို့နောက် ထနောင်းတိုင်နှင့် ဂျုပ်ပင်ကျေးရွာချင်းဆက် လမ်းပြုပြင်ရန် ငွေကျပ် ၃၅သိန်းနှင့် ဘိလပ်မြေအိတ် ၁၀၀၊ သပြေသာကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန် ဘိလပ်မြေအိတ် ၅၀၊ ကိုင်းတောင်နှင့် ဓားကျွန်း ကျေးရွာစာကြည့်တိုက်များသို့ နေရောင်ခြည်စွမ်းအင်သုံး Solar ပြား၊အားသွင်းစက်၊ ဘက်ထရီနှင့်ဆက်စပ်ပစ္စည်း တစ်စုံစီတို့ကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံ

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တောင်သာမြို့၌ မြို့ပေါ်ခြောက်ရပ်ကွက်မှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

မီးစတင်ဖွင့်လှစ်

ညပိုင်းတွင် တောင်သာမြို့နယ် ကြည်ကုန်းကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဝန်ကြီးက ခလုတ်နှိပ်၍ မီးစတင်ဖွင့်လှစ်ပေးသည်။

လျှပ်စစ်မီးထွန်းနိုင်

အဆိုပါ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကြည်ကုန်းကျေးရွာမှ အိမ်ခြေ ၈၅ အိမ် လျှပ်စစ်မီး ထွန်းလင်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း ခရိုင်ချင်းဆက် လမ်းအမှတ်(၂) ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှု ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းအမှတ်(၂) ကျောက်ချောခင်းခြင်းလုပ်ငန်းများကို မတ် ၃၀ရက်နှင့် ၃၁ရက်တို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ နေပြည်တော်တပ်ကုန်း ကင်းသာရှင်းလင်းဆောင်၌ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ရမည်းသင်းမြို့နယ် ပိန်းအင်းကျေးရွာနှင့် ရေဦးကျေးရွာကြား ကျောက်ချောလမ်းခင်းနေမှုကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ် ဗွက်ကျေးရွာ အနီးနှင့် သာစည်မြို့နယ် ဒဟတ်ကျင်းကျေးရွာအနီး ကျောက်ချောခင်း ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် မတ် ၃၁ရက်တွင် ခရိုင်ချင်းဆက်လမ်းအမှတ်(၂) သာစည်မြို့နယ် မြိုင်သာကျေးရွာအနီး၌ ကျောက်ချောလမ်းခင်းဆောင်ရွက်နေမှု၊ ဝမ်းတွင်းမြို့နယ် ကြွယ်ကန်ကျေးရွာအနီးနှင့် မကျီးအုပ်ကျေးရွာအနီးတို့၌ ကျောက်ချောခင်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

တွေ့ဆုံ

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ဝမ်းတွင်းမြို့နယ် ဂုဏ်ကျေးရွာ ရှင်းလင်းဆောင်၌ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ်အမှုဆောင် အရာရှိများ၊ လမ်းခင်းအဖွဲ့ ၂၂ဖွဲ့တို့မှ တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ဆောင်ရွက်ပြီးစီး

ခရိုင်ချင်းဆက် လမ်းအမှတ်(၂)သည် အရှည်မိုင်၄၄၀ ၃ဖာလုံရှိပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်ကုန်အထိကတ္တရာလမ်း ၃မိုင်နှင့် ကျောက်ချောလမ်း ၈၆မိုင်၂ဖာလုံပြီးစီးနေကာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း ၇၄မိုင် ၄ဖာလုံ ဆောင်ရွက်လျက်ရှိရာ ကျောက်ချောလမ်း စုစုပေါင်း ၁၆၀ မိုင် ၆ဖာလုံ ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ပံတန်း လူမှုဖူလုံရေးအဖွဲ့ ကွင်းဆင်းဆောင်ရွက်

လက်ပံတန်း ဧပြီ ၄

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံ ဆရာဝန် ဒေါက်တာဒေါ်နီလာဆယ်နှင့် ဝန်ထမ်းများသည် မတ် ၂၅ရက်က မြို့မဈေးရှိ ဈေးမှူးရုံး၌ အာမခံဈေးကုန်တင်၊ ကုန်ချလုပ်သားများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဟောပြောပွဲများကျင်းပသည့်အပြင် စက်ရုံ၊ အလုပ်ရုံ၊ဆန်စက်များနှင့် အာမခံထားရှိသော စားသောက်ဆိုင်များသို့လည်း ကွင်းဆင်း၍ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးကြောင်း သိရသည်။ (၁၇၅)

ကောလင်းမြို့နယ်စည်ပင် ကတ္တရာလမ်းသစ်ဖွင့်

ကောလင်း ဧပြီ ၄

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ကောလင်းမြို့(အားကစားကွင်းရှေ့လမ်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ်၂၃ရက် ညနေ၄နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇင်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးသောင်းညွှန့်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်၍ ဆန့်ကျင်ဘက်သတင်းဌာနများက သတင်းမှားများ လီဆယ်လုပ်ကြံထုတ်လွှင့်လျက်ရှိ

နေပြည်တော် ဧပြီ ၄

၂၀၀၉ခုနှစ် မတ် ၂၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရုပ်မြင်သံကြားအစီအစဉ်၌ မြန်မာနိုင်ငံနှင့် ပတ်သက်သော သတင်းတစ်ရပ်ကို ထုတ်လွှင့်သွားကြောင်း အသံလွှင့်ဌာနအချို့က မတ်လနောက်ဆုံးပတ်အတွင်း ထုတ်လွှင့်သွားခဲ့သည်။

ထုတ်လွှင့်ခဲ့

ဖြစ်စဉ်အမှန်မှာ အဆိုပါသတင်းအား ယူနန်ပြည်နယ်ရုပ်မြင်သံကြားအစီအစဉ်မှ ထုတ်လွှင့်ခဲ့ခြင်းမဟုတ်ဘဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသအခြေစိုက် ပုဂ္ဂလိကပိုင် Feng Hung TV (ခေါ်) Phoenix TV အသံလွှင့်ဌာနက ဖေဖော်ဝါရီ ၂၈ ရက် ည၉နာရီ မိနစ်၄၀၊ မတ် ၁ ရက် နံနက်၆နာရီနှင့် ညနေ၄နာရီတို့တွင် သတင်းထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

ဖွင့်လှစ်

အဆိုပါ Phoenix TV အသံလွှင့်ဗဟိုဌာနအား ဟောင်ကောင်အထူး အုပ်ချုပ်ရေးဒေသ ကောင်းလွန်ကျွန်းဆွယ်၌ ဖွင့်လှစ်ထားပြီး ပေကျင်း၊ ရှင်းကျင့်၊ ကူမင်းနှင့် ထိုင်ဝမ်တို့တွင် ဌာနခွဲများဖွင့်လှစ်ထားကြောင်း၊ ဟောင်ကောင်သည် တရုတ်ပြည်မကြီး၏ အထူးအုပ်ချုပ်ရေးဒေသ ဖြစ်သည့်အတွက် တစ်နိုင်ငံစနစ်နှစ်မျိုး ကျင့်သုံးသည့်မူဝါဒအရ တရုတ်ပြည်မကြီးက ဟောင်ကောင်ဒေသဆိုင်ရာ နိုင်ငံခြားဆက်ဆံရေးနှင့် ကာကွယ်ရေးကဏ္ဍတို့၌သာ ထိန်းချုပ်ကိုင်တွယ်ပြီး အခြားကဏ္ဍများ၌ ဟောင်ကောင်အုပ်ချုပ်ခွင့်ရ အစိုးရအနေဖြင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိကြောင်း သိရှိရသည်။

လုပ်ကြံထုတ်လွှင့်

ဆန့်ကျင်ဘက်သတင်းဌာနများ၊ အဖွဲ့အစည်းများသည် အဆိုပါ ဟောင်ကောင်အခြေစိုက် Phoenix TV (ခေါ်) Feng Hung TV ၏ သတင်းထုတ်လွှင့်မှုအပေါ် အမြတ်ထုတ်အခွင့်ကောင်းယူပြီး တရုတ်အစိုးရကြီးကြပ်မှုအောက်ရှိ ယူနန်ပြည်နယ်သတင်းဌာနမှ ထုတ်လွှင့်ခဲ့သယောင် လီဆယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အစဉ်အဆက်ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်နှင့်မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေလိုသည့် ရည်ရွယ်ချက်ဖြင့် ဤကဲ့သို့သတင်းမှားများကို လီဆယ်လုပ်ကြံထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သ တင်း ပ ဒေ သာ အ တို အ ထွာ

ရန်ကုန် ဧပြီ ၄

မဟာသင်္ကြန်ရက်အတွင်း ယာယီရေဆက်သွယ်ခွင့် ရယူနိုင်

မဟာသင်္ကြန်ရက်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်း၊ အင်းလျားကန်နှင့် ကန်တော်ကြီးတို့မှ ရေကိုဆက်သွယ်လိုသည့် ကိစ္စရပ်များ စီစဉ်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ ဧပြီ ၁၀ ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထားပြီး ယာယီရေဆက်သွယ်ခွင့် လျှောက်ထားရယူနိုင်သည်။

ရန်ကုန်စီးပွားရေးလမ်းညွှန် (၂၀၀၉)ဖြန့်ချိ

ရန်ကုန်အပါအဝင် နေပြည်တော်ပျဉ်းမနား၊ တောင်ငူ၊ ပြည်၊ အောင်လံအစရှိသည့် မြန်မာပြည်တစ်ဝန်းမြို့များရှိ စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် စီးပွားရေးကြော်ငြာများ ထည့်သွင်းပါရှိသည့် ရန်ကုန်စီးပွားရေးလမ်းညွှန် ၂၀၀၉ ကို ထုတ်ဝေဖြန့်ချိထားသည်။

မဟာသင်္ကြန်ရက်၌ မထသယာဉ်လိုင်း ပြေးဆွဲမည်

မဟာသင်္ကြန်ရက်အတွင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) စီမံမှုအောက်ရှိ ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများအနက် အချို့ယာဉ်လိုင်းများကို ဧပြီ ၁၃ရက်မှ ၁၆ရက်အထိ ပြေးဆွဲမှုရပ်နားမည်ဖြစ်ပြီး ဘတ်စ်ကားလိုင်း၊ ကားလတ်ယာဉ်လိုင်း၊ ဟိုင်းလပ်၊ သီးသန့်ယာဉ်လိုင်းနှင့် ယာဉ်ငယ်လိုင်း အပါအဝင် ယာဉ်လိုင်း ၆၇လိုင်းကို မဟာသင်္ကြန်ရက်များအတွင်း နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ပုံမှန်အတိုင်း မူလသတ်မှတ်နှုန်းဖြင့် ပြေးဆွဲမည်ဖြစ်သည်။

သင်္ကြန်ကာလအတွင်း ပါရမီနှင့် အဓိပတိယာဉ်လိုင်း ရပ်နားမည်

ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်က မြို့တွင်းပြေးဆွဲလျက်ရှိသည့် ပါရမီယာဉ်လိုင်းနှင့် အဓိပတိယာဉ်လိုင်းများ၊ အဝေးပြေးယာဉ်လိုင်းများဖြစ်သည့် ရှမ်းမလေး၊ ရွှေမန်းသူ၊ ပုသိမ်သူယာဉ်လိုင်းများအားလုံးကို မဟာသင်္ကြန်ပွဲတော်ကာလ အတွင်း သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ ယာဉ်လိုင်းပြေးဆွဲမှုရပ်နားပြီး မြန်မာနှစ်ဆန်း ၁ရက်တွင် ပြန်လည်ပြေးဆွဲမည်ဖြစ်သည်။

သင်္ကြန်အကြို ဈေးရောင်းပွဲ

လှိုင်သာယာမြို့နယ် ဘုရင့်နောင်တံတားအဆင်း FMI အိမ်ရာအရှေ့ရှိ ဒိုင်းမွန်းစီးတီးဟိုက်ပါမတ်တွင် ဧပြီ ၄ရက်မှ ၁၂ရက်အထိ သင်္ကြန်အကြိုဈေးရောင်းပွဲကျင်းပလျက်ရှိပြီး အဆိုပါဈေးရောင်းပွဲတော်၌ ဆိုင်ခန်းပေါင်းများစွာ ပါဝင်ခင်းကျင်းရောင်းချမှုနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များပါ တင်ဆက်လျက်ရှိသည်။

သင်္ကြန်ကာလ ပြည်တွင်းလေယာဉ်လက်မှတ်ရောင်းချပေးမည်

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ ခရီးသွားပြည်သူများ အဆင်ပြေစေရန် လေယာဉ်လက်မှတ်များကို ကြိုတင်စနစ်ဖြင့် ရောင်းချပေးနေသည်။ သင်္ကြန်ကာလအတွင်း ခရီးသွားနိုင်ရန် လေယာဉ်လက်မှတ်များ ရောင်းချပေးမည်ဖြစ်ပြီး ပြည်တွင်းခရီးစဉ်များကို နေ့ရက်အလိုက် ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

သင်္ကြန်ကာလ အင်းလျားကန်အနီး T-Home မဏ္ဍပ်ရှိမည်

မဟာသင်္ကြန်ကာလရက်များတွင် ရန်ကုန်သင်္ကြန်ပရိသတ်များအတွက် TMW Enterprise Co.,Ltd. ၏ T-Home ဖျော်ဖြေရေး ရေကစားမဏ္ဍပ်တွင် သည်ထရီးစ် တေးဂီတအဖွဲ့နှင့်အတူ အဆိုတော်များစွာဖြင့် ဆီဒိုးနားဟိုတယ်ရှေ့ အင်းလျားကန်အနီး ရေကစားမဏ္ဍပ်၌ သီဆိုဖျော်ဖြေမည်ဖြစ်သည်။

ဆရာဝန်အသင်း (ရန်ကုန်) အတာသဘင်ပွဲနွှဲမည်

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) မဟာသင်္ကြန် အတာသဘင်ပွဲဖွင့်ပွဲကို ဧပြီ ၁၃ရက် (အကြိုနေ့) ညနေ၄နာရီတွင် အမှတ်၂၄၉သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခြံဝင်းအတွင်းကျင်းပမည်ဖြစ်ပြီး ဧပြီ ၁၄ရက်မှ ၁၆ရက်အထိ နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိနှင့် ညနေပိုင်းတွင် ညနေ၃နာရီမှ ၆နာရီအထိ ရေပက်ကစားမည်ဖြစ်ရာ အသေးစိတ်သိလိုက ဖုန်း-၀၉-၈၀-၃၄၅၃၁နှင့် ၀၉-၅၀-၀၆၁၃၅တို့သို့ ဆက်သွယ်နိုင်သည်။

သင်္ကြန်ကာလ တောင်ကြီး၌ အိုင်စီဖျော်ဖြေမည်

မဟာသင်္ကြန်ရက်အတွင်း တောင်ကြီးမြို့၌ သင်္ကြန်ပရိသတ်များအတွက် အိုင်စီ တေးဂီတအဖွဲ့နှင့်အတူ အဆိုတော်များက တင်ဆက်ဖျော်ဖြေမည်ဟု သိရသည်။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု မံစီမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

မံစီ ဧပြီ ၄

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မံစီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၇ရက်က အဆိုပါလမ်း မုခ်ဦးထိပ်၌ကျင်းပရာ လမ်းသစ်အား မံစီမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ပေ ကတ္တရာလမ်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခွင့်ပြုငွေ ၂၃ ဒသမ ၃သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၅-၄-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၅ ၄။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ **မြို့ကြီးသားယဉ်ကျေးမှု** လှျမ်းထက်၊ ဖိုးချစ်၊ ပုလဲဝင်း၊ နန်းဆုရတီစိုး၊ စုချစ်ဇော် (ဒါရိုက်တာ-ဇော်လူထက်)
- ၈:၁၅ ၇။ အတီးပြိုင်ပွဲ
- ၈:၂၅ ၈။ ခါသင်္ကြန်အဆိုအကများ
- ၈:၄၀ ၈။ International News
- ၈:၅၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၀၅ ၂။ ခါသင်္ကြန်အဆိုအကများ
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၃၆)
- ၁၂:၃၀ ၅။ Golf Magazine TV
- ၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **မောင်တို့ချယ်ရီမြေ** ဝင်းဦး၊ ခင်သန်းနု (ဒါရိုက်တာ-ဦးတင်ယု)
- ၁၄:၅၀ ၇။ International News
- ၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၅ ၃။ ခါသင်္ကြန်အဆိုအကများ
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၆။ တေးဂီတအစီအစဉ်
- ၅:၁၀ ၇။ ခါသင်္ကြန်အဆိုအကများ
- ၅:၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"
- ၆:၅၅ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **မောင်ထိုနှင့် ထိုအသူငါးဦး**
- ၇:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား** (အပိုင်း-၄)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်** (အပိုင်း-၁)

အသိ သတိရှိမှ ကျန်းမာ

- ✱ ကျန်းမာခြင်းကို လိုအပ်လှ
တစ်သက်တာထာဝရ စောင့်ရှောက်ရ၊
- ✱ အရေးတစ်စုံ မနေးကြို
သက်လုံကောင်းက သက်သာရာရ၊
- ✱ ပြည့်ဝသက်လုံ ကောင်းစေတုံ
ဖုံဖုံတွက်ဆ အသိ သတိရှိမှ၊
- ✱ မုချမနေး ပြင်ဆင်ပေး
အရေးကြုံက ကျော်လွှားကြ
အသက်ပေါင်းများစွာ ချမ်းသာရ
ကျန်းမာခြင်းသည် အဓိက။ ။

ဒေါက်တာသန်းဦး

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု မီးသတ်ရေကန်နှင့် မီးဘေးလုံခြုံရေး မြန်အောင်၌ အဆောက်အအုံဖွင့်

မြန်အောင် ဧပြီ ၄

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မီးသတ်ရေကန်နှင့် မီးဘေးလုံခြုံရေး အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မတ်၂၇ရက်က မြန်အောင်မြို့ အမှတ်(၅)ရပ်ကွက်လက်ပံရပ် အလယ်လမ်းတွင် ကျင်းပရာ နယ်မြေခံတပ်ရင်းမှ တပ်ခွဲမှူး ဗိုလ်မှူးဟိန်းမင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ဇင်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးနိုင်နှင့် အမှတ်(၅) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖအလှူရှင်များ တက်ရောက်ကြသည်။

မီးသတ်ရေကန်

အမှတ်(၅) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဇော်၏ ဦးဆောင်မှုဖြင့် အလှူရှင်များက လှူဒါန်းသော ရေဂါလန် ၇၅၀ဆံ့ မီးသတ်ရေကန်သုံးလုံး၊ ဂါလန် ၂၂၅၀နှင့် မီးဘေးလုံခြုံရေး အဆောက်အအုံသည် ငွေကျပ် ၁၃၇၀၀၀၀တန်ဖိုးရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနားမြို့နယ် နန့်ပုတ်ချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်မှုလုပ်ငန်းများ

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၄

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း သည် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၆ရက်က မြစ်ကြီးနားမြို့နယ် နန်းကွေ့ရွာအနီး နန့်ပုတ်ချောင်းကူး သံကူကွန်ကရစ် တံတားတည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး နောင်မီးရွာ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းသို့ ရောက်ရှိကာ နွေစပါးနှင့် ပီလောပီနံစိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးမြေ ပြုပြင်ခြင်းလုပ်ငန်း၊ ကုန်ထုတ်လမ်းပိုင်း၌ တံတားတည်ဆောက်နေမှု၊ ပီလောပီနံ မျိုးစေ့ထုတ်လုပ်မှုနှင့် လုပ်ငန်းခွင်အတွင်း စံပြကျေးရွာ တည်ဆောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရှဒူဇွတ်စံပြကျေးရွာ တည်ဆောက်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တိုင်းမှူးက ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး စည်လုံးခြင်းသည်အင်အား သရုပ်ဖော် ရုပ်တုဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ တနိုင်းမြို့နယ် ပုန်ခုန်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး တံတားသစ်ဖွင့်ပွဲ အခမ်းအနားသို့လည်းကောင်း တက်ရောက်ပြီး တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တနိုင်းမြို့နယ် ရေခေါ် တူးမြောင်းဖောက်လုပ်ပြီးစီးမှု ဖွင့်ပွဲသို့ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူးသည် တပ်နယ်ရိပ်သာခန်းမ၌ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဥက္ကဋ္ဌများအား တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆုများချီးမြှင့်

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၀၉ခုနှစ် (၆၄) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၇နာရီခွဲက မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တပ်နယ် စစ်ရေးပြကွင်း၌ကျင်းပရာ တိုင်းမှူးက မိန့်ခွန်းပြောကြားပြီး(၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ် ပြိုင်ပွဲဆုရရှိသူများနှင့် အကောင်းဆုံး စစ်ရေးပြဆုရ စစ်ရေးပြတပ်ခွဲများအား ဆုများချီးမြှင့်ပေးအပ်ကာ ကွင်းအတွင်း ဖွင့်လှစ်ပြသထားသည့် ဝန်ကြီးဌာနအလိုက် ဌာနဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၄

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်သူ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အမှာစကား

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်တို့က အမှာစကားပြောကြားကြပြီး အဖွဲ့အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ ဝန်ထမ်းရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဖုလှနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်တို့က ၂၀၀၈ခုနှစ် တတိယ လေးလပတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ၂၀၀၉ခုနှစ် ပထမ လေးလပတ်အတွင်း ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြား၍ နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ထို၌ ကျေးရွာမီးဘေးတားဆီးရေး အသုံးပြုရန် အပေါ့စားမီးသတ်စက် ပေးအပ်လှူဒါန်း

ကျိုက်ထို ဧပြီ ၄

ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ မီးဘေးလုံခြုံရေး စီမံချက်အရ မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျိုက်ထိုမြို့နယ် ကော့ယင်းကျေးရွာရှိ ရပ်မိရပ်ဖများက ကျေးရွာမီးဘေးတားဆီးရေးလုပ်ငန်းတွင် အသုံးပြုရန် အပေါ့စားမီးသတ်စက်တစ်လုံး လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၅ရက် နံနက်၁၀နာရီက ကော့ယင်းကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကော့ယင်းကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာ မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကား ပြောကြားပြီး(ယာပုံ) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်အောင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးတို့က ကျေးလက်ဒေသ မီးဘေးလုံခြုံရေးကိစ္စများ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကျေးရွာ မီးသတ်စက်ဖြစ်မြောက်ရေးအဖွဲ့ဝင် ရပ်မိရပ်ဖ တစ်ဦးက အပေါ့စားမီးသတ်စက်တစ်လုံးနှင့် မီးသတ်ပစ္စည်း ကိရိယာများအား ကျေးရွာမီးဘေးတားဆီးရေးအဖွဲ့ထံသို့ လွှဲပြောင်းပေးပြီး မီးသတ်တပ်ဖွဲ့ဝင်များက အပေါ့စားမီးသတ်စက်ဖြင့် မီးငြိမ်းသတ်နည်း လက်တွေ့ သရုပ်ပြသခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ကိုယ်စားပြု ကမ္ဘောဇ F.C ကစားသမားခြောက်ဦး ထပ်မံခေါ်ယူ စာချုပ်ချုပ်ဆိုပြီးသွားသည့် ကစားသမား ၃၀ ရှိ

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်   စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၄

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ပရိုကလပ်အသင်းတစ်သင်းဖြစ်သော ကမ္ဘောဇဘောလုံးအသင်းမှာ တတိယအကြိမ်မြောက် ကစားသမားခေါ်ယူမှုအဖြစ် ကစားသမား ခြောက်ဦးအား ထပ်မံခေါ်ယူခဲ့ရာ စာချုပ်ချုပ်ဆိုပြီးသွားသူ ၃၀ ရှိသွားပြီဖြစ်သည်။ ဧပြီ ၃ရက်အပြီးအထိ ပရိုကလပ် ရှစ်သင်းတွင် ကစားသမားအများဆုံးခေါ်ယူထားသော အသင်းမှာ ကမ္ဘောဇအသင်းဖြစ်လာခဲ့ပြီး မတ် ၁၈ရက်တွင် ၁၆ဦး၊ ၃၁ရက်တွင် ရှစ်ဦးနှင့် ဧပြီ ၃ရက်တွင် ခြောက်ဦး ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ကိုယ်စားပြု ယှဉ်ပြိုင်မည့် ကမ္ဘောဇအသင်းမှာ ခေါ်ယူပြီးသွားသော ကစားသမား ၃၀ အတွက် လက်မှတ်ထိုးကြေး ကျပ် ၆၇၃ သိန်း အသုံးပြုထားပြီး ကစားသမားအားလုံး၏ လစာမှာလည်း တစ်လလျှင် ကျပ် ၁၅၈သိန်းရှိကြောင်း သိရသည်။ လက်မှတ်ထိုးကြေး အမြင့်ဆုံးပေးရန် ခေါ်ယူထားသော ကစားသမားနှစ်ဦးရှိပြီး လက်ရွေးစင် နောက်ခံလူ မိုးဝင်းနှင့် ခင်မောင်လွင်တို့ ဖြစ်ကြသည်။ တစ်လလျှင် ကျပ် ၁၀သိန်းဖြင့် လစာအမြင့်ဆုံး ရရှိထားသူ ခြောက်ဦးရှိပြီး ဟန်ဝင်းအောင်၊ မိုးဝင်း၊ ခင်မောင်လွင်၊ အေးဆန်း၊ ကျော်ဇင်ထက်(ဂိုး)နှင့် ကျော်သီဟ တို့ ဖြစ်ကြသည်။ ကမ္ဘောဇအသင်းမှာ မြန်မာ့ဘောလုံး တိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်နှင့် မြန်မာ့လက်ရွေးစင် အသင်းအတွက် ထူးချွန် ဘောလုံးသမားကောင်းများ မွေးထုတ်ပေးနိုင်ရန် အပျော်တမ်းစနစ်ဖြင့် ကျင့်သုံးခဲ့သော အချိန်ကာလကတည်းက တည်ထောင်ထားခဲ့ခြင်းဖြစ်ပြီး ယခုပရိုစနစ်သို့ ကူးပြောင်းရာတွင်လည်း အသင်းရည်ရွယ်ချက်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ပရိုကလပ်အသင်းအဖြစ် ဆက်လက်ဖွဲ့စည်း တည်ထောင်ထားခြင်း ဖြစ်သည်။

ကမ္ဘောဇအသင်းနှင့် ရဲမောင်မောင် စာချုပ် ချုပ်ဆိုစဉ်။

ဧပြီ၃ရက်က ထပ်မံခေါ်ယူစာချုပ်ခဲ့သော ကစားသမားများမှာ ယခင် အဆင့်မြင့်တန်းပြိုင်ပွဲဝင် ကမ္ဘောဇအသင်းမှ လေးဦးနှင့် လယ်ယာ/ဆည်မြောင်းမှ နှစ်ဦးတို့ ဖြစ်ကြသည်။ အဆင့်မြင့်တန်းပြိုင်ပွဲဝင် ကမ္ဘောဇအသင်းမှ ရဲမောင်မောင်ကို လက်မှတ်ထိုးကြေး ကျပ်၁၅သိန်း၊ လစာကျပ်သုံးသိန်း၊ စိုင်းကျော်သူရအောင်ကို လက်မှတ်ထိုးကြေး ကျပ် ခုနစ်သိန်း၊ လစာကျပ် နှစ်သိန်း၊ ထွန်းထွန်းနိုင်ကို လက်မှတ်ထိုးကြေးကျပ် ခြောက်သိန်း၊ လစာကျပ်နှစ်သိန်း၊ နိုင်ဇင်နှင့် လယ်ယာ/ဆည်မြောင်းမှ ဇင်မင်းထွန်း၊ အောင်သက်ပိုင်တို့ကို လက်မှတ်ထိုးကြေး ကျပ် ငါးသိန်းစီ လစာ ကျပ်နှစ်သိန်းစီတို့ဖြင့် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ကမ္ဘောဇ F.C မှာ အဆိုပါ ခြောက်ဦးအတွက် လက်မှတ်ထိုးကြေး ကျပ် ၄၃သိန်း၊ လစာ ကျပ် ၁၃သိန်းရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဇအသင်းနှင့် နိုင်ဇင် စာချုပ် ချုပ်ဆိုစဉ်။

ကမ္ဘောဇအသင်းမှာ လာမည့်မေလအတွင်းကျင်းပမည့် အာရှဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခုခေါ်ယူထားသော ကစားသမားများထဲမှ ရွေးချယ်၍ ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ အဆိုပါ AFC President's Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ရန် စလင်းကွင်း၌ ပြင်းပြင်းထန်ထန် လေ့ကျင့်နေပြီဖြစ်ပြီး ယင်းပြိုင်ပွဲသာမက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင်ပါ အောင်မြင်မှုရရှိရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇ F.C ခေါ်ယူထားသော ကစားသမားများ

အမည်	ယခင်အသင်း	လစာ (ကျပ်သိန်း)	လက်မှတ်ထိုးကြေး (ကျပ်သိန်း)
မိုးဝင်း	စီးပွား/ကူးသန်း	၁၀	၅၀
ခင်မောင်လွင်	လယ်ယာ/ဆည်မြောင်း	၁၀	၅၀
ကျော်ဇင်ထက်	ကမ္ဘောဇ	၁၀	၄၀
ကျော်သီဟ	ကမ္ဘောဇ	၁၀	၄၀
အေးဆန်း	ကမ္ဘောဇ	၁၀	၄၀
ဟန်ဝင်းအောင်	ကမ္ဘောဇ	၁၀	၄၀
စထက်နိုင်ဝင်း	စီးပွား/ကူးသန်း	၅	၃၀
ဝင်းမင်းထွဋ်	ပို့ဆောင်ရေး	၅	၂၅
စိုးမင်းဦး	ကမ္ဘောဇ	၅	၂၅
ဥာဏလွင်	ကမ္ဘောဇ	၅	၂၀
နေဇော်ထက်	ကမ္ဘောဇ	၅	၂၀
အောင်သန်းဝင်း	ကမ္ဘောဇ	၅	၂၀
နေဝင်း	ကမ္ဘောဇ	၅	၂၀
မင်းမင်းထွန်း	စွမ်းအင်	၅	၂၀
နေဝင်းအောင်	လယ်ယာ/ဆည်မြောင်း	၅	၂၀
ထက်အောင်	ပို့ဆောင်ရေး	၅	၂၀
မျိုးမြင့်အောင်	ပို့ဆောင်ရေး	၅	၂၀
တင့်နိုင်ထွန်းသိန်း	မြို့တော်စည်ပင်	၅	၂၀
အောင်ဝင်းနိုင်	မြို့တော်စည်ပင်	၅	၂၀
တင်အောင်မိုး	လယ်ယာ/ဆည်မြောင်း	၅	၂၀
အောင်ကျော်ဦး	ကမ္ဘောဇ	၄	၂၀
ရဝေဇင်	ကမ္ဘောဇ	၄	၂၀
ဖြိုးမင်းမောင်	ပို့ဆောင်ရေး	၄	၁၅
ဇော်ရဲမောင်	ပို့ဆောင်ရေး	၃	၁၅
ရဲမောင်မောင်	ကမ္ဘောဇ	၃	၁၅
စိုင်းကျော်သူရအောင်	ကမ္ဘောဇ	၂	၇
ထွန်းထွန်းနိုင်	ကမ္ဘောဇ	၂	၆
နိုင်ဇင်	ကမ္ဘောဇ	၂	၅
ဇင်မင်းထွန်း	လယ်ယာ/ဆည်မြောင်း	၂	၅
အောင်သက်ပိုင်	လယ်ယာ/ဆည်မြောင်း	၂	၅

(မြန်မာ့အလင်း)

5-4 (07).pmd 1 4/5/2009, 3:30 AM

ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ (FAO) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအစည်းအဝေး ထိုင်းနိုင်ငံ၌ကျင်းပ

ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဧပြီ ၄

ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့(FAO)၏ (၂၉)ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မတ်၂၆ရက်မှ ၃၁ရက်အထိကျင်းပရာ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံပေါင်း ၃၃နိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ပါဝင်

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးအောင်သိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနစိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ သစ်တောရေးရာဝန်ကြီးဌာန သစ်တောတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဦးအုန်းဝင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးမှ သံမှူးကြီး ဒေါ်အေးအေးမူ၊ မွေးမြူ ရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရဲအောင်နှင့် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနစိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်ထွဋ်တို့ ပါဝင်ကြသည်။

နှုတ်ခွန်းဆက်စကား

ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့၏ (၂၉)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို မတ်၂၆ရက်မှ ၂၈ရက်အထိကျင်းပပြီး ဝန်ကြီး အဆင့်အစည်းအဝေးကို မတ်၃၀ရက်နှင့် ၃၁ရက်တို့တွင် ကျင်းပရာ မတ် ၃၀ရက် နံနက်ပိုင်းအစည်းအဝေးမစတင်မီ အစည်းအဝေးသို့ တက်ရောက်လာကြသော အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံ ၃၃နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်ကြပြီး FAO ညွှန်ကြား ရေးမှူးချုပ် Dr. Jacques Diouf က ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားသည်။ဆက်လက်၍ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အစည်းအဝေး ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အစည်းအဝေးကိုဆက်လက်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးက မိန့်ခွန်း ပြောကြားသည်။

ဆွေးနွေးခဲ့

ဝန်ကြီးသည် ညနေ ၄နာရီတွင် ကုလသမဂ္ဂစားနပ် ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Jacques Diouf နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ကူညီနိုင်မည့် အခြေအနေ များနှင့် ရေရှည်တည်တံ့သော အသက် မွေးဝမ်းကျောင်းမှု များအတွက် (FAO)နှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြား ရေးမှူးချုပ် **Dr. Jacques Diouf** အား တွေ့ဆုံစဉ်။

(လယ်ယာ/ဆည်မြောင်း)

ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းသည် ယမန်နေ့ နံနက် ၈နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသော ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။ (ဝဲပုံ)

အောင်လက်မှတ်ပေး

ထို့နောက် ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းအမှတ်စဉ်(၂၀)တွင် စံပြသင်တန်းသူဆုရရှိသူနယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်) ဦးစီး အရာရှိ ဒေါ်ဥမ္မာအောင်နှင့် စာပေ ထူးချွန်ဆုရရှိသူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဦးစီး အရာရှိ ဒေါ်စန္ဒာမြင့်တို့အား ထူးချွန် ဆုများ ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူ ကိုယ်စားလှယ်သို့ ပေးအပ်သည်။

တက်ရောက်

ဘဏ္ဍာရေးစည်းမျဉ်အထူးသင်တန်း အမှတ်စဉ်(၂၀)သို့ စည်ပင်သာယာ ရေးဦးစီးဌာနမှ သင်တန်းသူ ၃၀၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၁၄ဦးနှင့် ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ သင်တန်းသူ ၁၅ဦး စုစုပေါင်းသင်တန်းသူ ၅၉ဦး တက် ရောက် အောင်မြင်ခဲ့ပြီး သင်တန်း ကာလမှာ ရက်သတ္တပါတ် ကြာမြင့် ခဲ့သည်။

ကြည့်ရှုစစ်ဆေး

သင်တန်းဆင်းပွဲအပြီးတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်သည် စားရိပ်သာ နှင့် ဗဟိုလေ့ကျင့်ရေးကျောင်း၏ နှစ်ရှည် သီးနှံ၊ ရာသီသီးနှံ စိုက်ပျိုးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး ကြောင်းသတင်း ရရှိသည်။

(သတင်းစဉ်)

စဉ့်ကူးမြို့နယ် ဝါးရုံကုန်းကျေးရွာအုပ်စု ရုံးသစ်နှင့် ပညာဉယျာဉ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

စဉ့်ကူး ဧပြီ ၄

စဉ့်ကူးမြို့နယ် ဝါးရုံကုန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအဆောက်အအုံသစ်၊ ပညာဉယျာဉ်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို မတ်၂၂ရက် နံနက်၉နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်နု နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ကျေးရွာရုံး အဆောက်အအုံသစ်နှင့် ပညာဉယျာဉ်စာကြည့်တိုက်အဆောက် အအုံသစ်တို့ကို ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ပညာဉယျာဉ်စာကြည့် တိုက်သို့ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင် လူက အလှူငွေကျပ် ၁၀၀၀၀၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းနှင့်မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်က စာအုပ်မျိုးစုံ အုပ် ၅၀စီ၊ ရှင်မင်း စာကြည့်တိုက်ဥက္ကဋ္ဌ ဦးအောင်ကြည် မြင့်က သုတရသစာအုပ်မျိုးစုံအုပ် ၅၀နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ် စာစောင်မျိုးစုံအုပ် ၅၀တို့ကို ပေးအပ် လှူဒါန်းရာကျေးရွာဥက္ကဋ္ဌနှင့်ကျေးရွာ စာကြည့်တိုက်မှူး ဦးသံချောင်းတို့က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

အခြေခံစာကြည့်တိုက် စီမံခန့်ခွဲမှုသင်တန်း ပေါင်းတည်၌ဖွင့်

ပြည် ဧပြီ ၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရွှေတည်ရတနာစာကြည့်တိုက်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက် စီမံခန့်ခွဲမှုပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂ရက် မွန်းလွဲ ၁နာရီက ပေါင်းတည်မြို့ ရွှေတည်ရတနာ ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက အမှာစကား ပြောကြားပြီး သင်တန်းဆရာများဖြစ်ကြသော ဦးသိန်းလွင်(ပါမောက္ခ-ငြိမ်း) စာကြည့်တိုက်နှင့် သုတပညာဌာန ရန်ကုန်တက္ကသိုလ်၊ ဦးဇော်အောင်ထွဋ် (ကထိက)နှင့် ဒေါ်ဏီဝင်းဇော်(ကထိက) စာကြည့်တိုက်နှင့် သုတပညာဌာန ရန်ကုန်တက္ကသိုလ်တို့နှင့် မိတ်ဆက်ပေးသည်။

သင်တန်းကို ဧပြီ၂ရက်မှ ၄ရက်အထိဖွင့်လှစ်ပြီး လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်မှူးများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ဗန်းမော်မြို့နယ်စည်ပင် ကတ္တရာလမ်းပေါက်များ ဖာထေး

ဗန်းမော် ဧပြီ ၄

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော ပညာ့ရိပ်သာလမ်း ကတ္တရာလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းကို မတ်၁၇ရက်က ဆောင်ရွက်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစိုးနေလင်းက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရေဦး၌ ပညာရေး ငွေပဒေသာပင် စိုက်ထူ

ရေဦး ဧပြီ ၄

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့နယ် တင်းတိမ်ရံစုပြကျေးရွာ ထန်းတော ဗောဓိအထကအထက်တန်းကျောင်း၌ မတ်၂ရက် နံနက်၁၁နာရီ ခွဲက ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး ကျင်းပသော ပညာရေးငွေပဒေသာပင်စိုက်ထူပွဲကိုကျင်းပရာ အခမ်းအနား တွင် အလှူရှင်များက ထန်းတောဗောဓိ စာသင်ကျောင်း ငွေပဒေသာပင် အတွက် လှူဒါန်းငွေစုစုပေါင်းကျပ်၂၅သိန်းကို လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီးက လက်ခံယူကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

လူတိုင်းစေ့ သန့်ရှင်းစွာနေထိုင်နိုင်ရေးနှင့် ဝမ်းနှင့်ပတ်သက်သောရောဂါများ ကင်းရှင်းရေး

ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်

နေပြည်တော် ဧပြီ ၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း ကျင်းပသည့် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်သောဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစည်ပင်သာယာရေးကော်မတီတို့မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများနှင့် သူနာပြုများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ ရေကောင်းရေသန့်ရရှိရေး၊ အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေး၊ တစ်ကိုယ်ရေ ကျန်းမာရေးဖြစ်သည့် လက်သန့်ရှင်းရေးနှင့် အစားအစာသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်မှုများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ပတ်သက်နေကြကြောင်း၊ ထိုအချက်များသည် နိုင်ငံတော်၏ ကျန်းမာရေးအတွက် အရေးပါ၍ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တိုက်ရိုက်အထောက်အကူပြုနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ကလေးသူငယ်များ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သည့် ရေရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေကျန်းမာရေး အခြေအနေများဆိုင်ရာဖော်ပြချက်များအရ နှစ်စဉ်ဝမ်းပျက် ဝမ်းလျှော ရောဂါများကြောင့် သေဆုံးသူပေါင်း ၁ ဒသမ ၈သန်းရှိကြောင်း၊ သေဆုံးသူအများစုသည် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများက ကလေးသူငယ်များ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အရှေ့တောင်အာရှဒေသမှ အဆိုပါကိန်းဂဏန်း၏ ၄၀ ရာခိုင်နှုန်းခန့်ရှိပြီး အများစုသည် အသက် ငါးနှစ်အောက် ကလေးများဖြစ်ကြကြောင်း။

ဤဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုကို လျှော့ချရန်အတွက် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို လူတိုင်းသိရှိလိုက်နာဆောင်ရွက်ခြင်းသည် အဓိက သော့ချက်ပင်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့်အတူ သန့်ရှင်းသော သောက်သုံးရေ ရယူသုံးစွဲခြင်း၊ လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောခြင်း၊ အစာသန့်ရှင်းမှု၊ ရေနှင့်သန့်ရှင်းရေးနှင့် ပတ်သက်သောရောဂါများ ဘယ်လိုဖြစ်ပွားသည်ဆိုသည်ကို ကျန်းမာရေးအသိ ပညာပေးခြင်းတို့သည်လည်း ဖြေရှင်းပေးနိုင်သည့် နည်းလမ်းများဖြစ်ကြကြောင်း။

ဆက်လက်မြှင့်တင်

တစ်နိုင်ငံလုံးအနေဖြင့် ရရှိပြီး သန့်ရှင်းရေးလွှမ်းခြုံမှု မြင့်မားသော်လည်း ပြည်နယ်၊တိုင်း တစ်ခုနှင့်တစ်ခု အကြား ကွာဟမှုရှိနေသကဲ့သို့ မြို့နယ်များအကြားတွင်လည်း ကွာဟမှုများ ရှိနေကြောင်း၊ ရရှိပြီးသောသန့်ရှင်းရေး လွှမ်းခြုံမှု အခြေအနေကို ထိန်းသိမ်းပြီး ဆက်လက်မြှင့်တင်ရေးအတွက် ပြည်သူလူထုပါဝင်သော အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၀၉)ကို ကျင်းပရခြင်းဖြစ်ကြောင်း အသိပေးတင်ပြလိုကြောင်း။

ထို့ကြောင့် လူတိုင်းစေ့သန့်ရှင်းစွာနေထိုင်နိုင်ရေးနှင့် လူတိုင်းဝမ်းနှင့်ပတ်သက်သောရောဂါများ ကင်းရှင်းရေးအတွက် "Sanitation For All" ဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အိမ်တိုင်းစေ့ ယင်လုံ အိမ်သာသုံးစွဲနိုင်ရေး မူဝါဒကိုချမှတ်ပြီး ဆောင်ရွက်နေသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဒုတိယဌာနေကိုယ်စားလှယ် Ms. Juanita Vasquez က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဝန်ကြီးဒေါက်တာကျော်မြင့်နှင့်ဧည့်သည်တော်များသည် ခန်းမအတွင်းပြသထားသော အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ၂၀၀၉ အထိမ်းအမှတ်ပြခန်းရှိ နိုင်ငံတော်အဖွဲ့အစည်းအဆင့်ဆင့်၏ ဦးဆောင်ပံ့ပိုးမှု၊ ပြည်နယ်နှင့် တိုင်းအဆင့်၏ ဦးဆောင်ပံ့ပိုးမှု၊ နာဂစ်ဆိုင်ကလုန်းတိုက်ခတ်ခံရသည့် ဒေသများရှိ ပြန်လည်ထူထောင်ရေးများ၌ ရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်မှုလုပ်ငန်းများ၊ ကျန်းမာရေး ဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနမှ ဆောင်ရွက်နေသည့် အရည်အသွေးစမ်းသပ်ခြင်း လုပ်ငန်းများပြကွက်များနှင့် Care Myanmar နှင့် လူမှုအသိပညာ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုအသင်း၏ သန့်လေးသန့်ဆောင်ရွက်ချက်ပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကုက္ကိုင်းရေကူးအသင်း နွေရာသီရေကူးသင်တန်းဆင်း

ရန်ကုန် ဧပြီ ၄

ကုက္ကိုင်းရေကူးအသင်း၏ ပထမအကြိမ် နွေရာသီရေကူးသင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်များ ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈နာရီက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးအသင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က နံနက် ၆နာရီခွဲ သင်တန်းချိန်နှင့် နံနက် ၉နာရီ သင်တန်းချိန်တို့မှ ကိုယ်စားတစ်ဦးစီကို လည်းကောင်း၊ ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မွန်းလွဲ ၁နာရီ သင်တန်းချိန်မှ ကိုယ်စားတစ်ဦးကိုလည်းကောင်း သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ကုက္ကိုင်းရေကူးအသင်းအလှည့်ကျနာယက ဦးစန်းထွန်းက ကုက္ကိုင်းရေကူးအသင်း၏ တိုးတက်ရာတိုးတက်ကြောင်းနှင့် အားကစားလုပ်ငန်းများကို ၂၈နှစ်ကျော် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူ ဒုတိယဥက္ကဋ္ဌ(၁) ဦးဟန်ထွန်းမောင်အား ဂုဏ်ပြုဆုချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကျေးဇူးတင် စကားပြောကြားသည်။ ဆက်လက်၍ သင်တန်းသား သင်တန်းသူများထဲမှ အလှူငွေကောင်းလွှတ်၍ အသင်းဝင်ရောက်ခွင့် ၂၄ဦးအား ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရွေးချယ်ကံစမ်းပေးကြသည်။

ထပ်မံဖွင့်မည်

ပထမအကြိမ် နွေရာသီရေကူးသင်တန်းကို ဖေဖော်ဝါရီ ၂၈ရက်မှဧပြီ ၄ရက်အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၇၁၈ဦး တက်ရောက်ခဲ့ကြသည်။ ဒုတိယအကြိမ် နွေရာသီရေကူးသင်တန်းကို ဧပြီ ၃၀ရက်တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အာကာသမှ နီညိုရောင် တိမ်တိုက်များ

ဘာသာပြန် သတင်းမှတ်စု-မိုးမြင့်လင်းလက်

အာကာသအတွင်း နီညိုရောင် တိမ်တိုက်များ တစ်နေ့တခြား များပြားလာကြောင်း အထူးသဖြင့် နီညိုရင့်ရောင်နှင့် အမည်းရောင်တို့ ပေါင်းစပ်ထားသော တိမ်တိုက်များဖြစ်ကြောင်း၊ ထိုတိမ်တိုက်များသည် ရာသီဥတုနှင့် အစားအစာများအပေါ် ဆိုးရွားသောထိခိုက်မှုကိုဖြစ်စေကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

ဓာတ်ငွေ့ထုတ်လွှတ်မှု

အဆိုပါ တိမ်တိုက်များသည် ကမ္ဘာ့ပြည်သူများကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပြီး အထူးသဖြင့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၏လောင်စာစွမ်းအင်သုံးစွဲမှုများပြားခြင်းကြောင့် ဖြစ်ကြောင်း၊ သစ်တောများ မီးလောင်မှု၊ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများ အဆမတန်သုံးစွဲမှုကြောင့် နီညိုရောင်တိမ်တိုက်များ ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု ၎င်းတို့က ထောက်ပြထားသည်။

ဖြစ်တည်ခဲ့

ကမ္ဘာ့နိုင်ငံအသီးသီးမှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့သည် အာကာသအတွင်း အချို့နေရာများ၌ ထုထည်တစ်မိုင်ခွဲခန့်အထိ ရှိနေကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ အချို့နေရာများ၌ အာကာသအတွင်း လွင့်မျောနေသော ဓာတ်ငွေ့များနှင့် ပေါင်းစပ်ဖြစ်တည်ကာ အန္တရာယ်ဖြစ်စေသည့် နီညိုရောင်တိမ်များအဖြစ် စုဖွဲ့ဖြစ်တည်လာခဲ့ခြင်း ဖြစ်သည်။

နီညိုရောင်တိမ်တိုက်များသည် အဓိကအားဖြင့် ရာသီဥတုဆိုးရွားမှုကို ဖြစ်ပေါ်စေကြောင်း၊ ကမ္ဘာ့အချို့ဒေသများတွင် မိုးခေါင်စေခြင်းနှင့် အချို့ဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ ဖြစ်စေကာ ကမ္ဘာ့ပြည်သူများအား ထိခိုက်မှု ဖြစ်စေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ပျက်စီးမှု

ထို့အပြင် ရွာသွန်းသော မိုးများအနေဖြင့် အက်စစ်ဓာတ်ပါဝင်မှုများပြားကာ အက်စစ်မိုးများ ရွာသွန်းသောကြောင့် မြေဆီလွှာများ ပျက်စီးဆုံးရှုံးကာ ကုန်းနေ ရေနေသတ္တဝါများ သေဆုံးမှုဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် နီညိုရောင် တိမ်တိုက်များဖြစ်ပေါ်မှု လျော့နည်းသွားစေရန် ကြိုးစားသင့်ကြောင်းလည်း အကြံပြုထားသည်။

လျော့ကျစေရန်

ကမ္ဘာ့ပြည်သူများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စေမည့် ကျောက်မီးသွေးသုံး စွမ်းအင်စက်ရုံများ၊ မော်တော်ယာဉ်များသုံးစွဲမှုနှင့် ဖန်လုံအိမ်အာနိသင် ထုတ်လွှတ်မှု လျော့ကျစေရန် ဆောင်ရွက်ပါက နီညိုရောင် တိမ်တိုက်များ ဖြစ်ပေါ်မှု နည်းပါးသွားမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

● ရှေ့ဖုံးမှ

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့ရှိ စွပ်ကျယ်စက်ရုံ(တောင်သာ)ကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၈ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းစက်ရုံသည် လက်ရှိတည်ဆောက်ပြီးသည့် စွပ်ကျယ်စက်ရုံများအနက် အကြီးမားဆုံးနှင့် ခေတ်အမီဆုံး စက်ရုံတစ်ရုံဖြစ်ပြီး ခေတ်မီပြီး ဒီဇိုင်းဆန်းသစ်လှပသော စွပ်ကျယ်၊ တီရှပ်နှင့် စပို့ရှပ်များ အထည်စုံ တစ်နှစ်လျှင် အထည်ရေပေါင်း နှစ်သန်း ထုတ်လုပ်လျက်ရှိသည်။

ထောက်ကူ

တောင်သာစွပ်ကျယ်စက်ရုံကြီး ဖွင့်လှစ်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူအများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုများ၏ဘဝဖွံ့ဖြိုးတိုးတက်ကာ စီးပွားရေးပိုင်း တိုးမြှင့်လာသည်နှင့်အမျှ ပညာရေးပိုင်းတွင် အဆင့်မြင့်ပညာရပ်များ သင်ကြားခွင့်တိုးမြှင့်ရရှိလာပြီး ထူးချွန်ထက်မြက်သူများ ပေါ်ထွန်းရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။

ပါဝင်

နိုင်ငံတော်ကို ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအနေဖြင့် လူသုံးကုန်ပစ္စည်းနှင့် အိမ်သုံးကုန်ပစ္စည်း ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို ရှေ့ဆောင်ရှေ့ရွက်ပြုပြီး နယ်မြေဒေသအနှံ့၌ ထူထောင်နေခြင်းဖြစ်ရာမှ တောင်သာစွပ်ကျယ်စက်ရုံသည် ပြည်တွင်းက ထွက်ရှိသည့်ဝါကို ပွင့်ဖြူစက်ရုံကဲ့သို့သော ချည်မျှင်စက်ရုံများတွင် ချည်မျှင်ရက်လုပ်ပြီး ပလိပ်စက်ရုံတွင် ဆေးဆိုးကာ အထည်ချုပ်ရသည့် စနစ်တစ်ရပ်လုံး ဤစက်ရုံတစ်ခုတည်း၌ ပါဝင်သည်။

မြင့်မားလာ

ဤသို့ဖြင့် စက်ရုံကြီး၏ လုပ်ငန်းလည်ပတ်မှုကြောင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း၊ သွင်းကုန်အစားထိုး ဖြစ်စေခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်လာစေခြင်းနှင့် ဝတ်ဆင်မှုအဆင့်အတန်းမြင့်မားပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များပေါ်ပေါက်လာစေကာ ခေတ်မီစက်ကိရိယာကြီးများဖြင့် တပ်ဆင်အသုံးပြုခြင်းတို့ကြောင့် နည်းပညာဆိုင်ရာများပါ မြင့်မားလာခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

■ ကျောဖုံးမှ

ပြည်သူများ၏ကျန်းမာရေးကို အဓိကခြိမ်းခြောက်နေသည့် အချက်များအနက် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးပြီး ရာသီဥတုပြောင်းလဲကာ ကမ္ဘာကြီးပူနွေးလာမှု၊ နေ့စဉ်အစားအစာများနှင့်အမြဲရှုရှိုက်နေသောလေတို့နှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ရှင်းပြသည်။

ဆိုးဆေး

အထူးသဖြင့် နေ့စဉ်စားသုံးနေသော အစားအစာများတွင် ဆိုးဆေးများ လွတ်ကင်းသည့်အစားအစာများ မရှိသလောက်ဖြစ်ကြောင်း၊ အလေးအနက်ထားပြောကြားခဲ့ရာ ဆိုးဆေးများတွင် လူတို့စားသုံး၍ရသော ဆိုးဆေးနှင့် လူတို့စားသုံး၍မရသော ဆိုးဆေးများရှိကြောင်း သိရသည်။

လူတို့ကျန်းမာရေးအတွက်ထိခိုက်မှုမရှိသော ဆိုးဆေးများမှာ ဈေးအလွန်ကြီးသဖြင့် အစားအစာများတွင် သုံးစွဲရန် မတတ်နိုင်ကြကြောင်း၊ လူတို့အတွက် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေသည့် ဈေးပေါသောဆိုးဆေးများကိုသာ အစားအသောက်တိုင်း၌ ထည့်သွင်းအသုံးပြုနေကြောင်း၊ လက်ဖက်ရည်၊ မြေပဲလှော်၊ ကိတ်မုန့်၊ ဖာလူဒါနှင့် ဆီးထုပ်များကအစ ဆိုးဆေးများပါဝင်ကြောင်း သတိပေးထားသည်။

အရောင်ချွတ်ဆေး

ထို့အပြင် အသား၊ ငါးနှင့်ပုစွန်ခြောက်တို့တွင်လည်း ဆိုးဆေးများ မလွတ်ကင်း၊ နီရဲလတ်ဆတ်နေသောအသား၊ ငါးတို့အဖြစ် ထင်မှတ်စေရန်နှင့် ကြာရှည်ခံရန် ဆိုးဆေးများကို အသုံးပြုကြကြောင်း၊ လူတို့နေ့စဉ်စားသုံးနေသော ဆားများ၏ မူလအရောင်မှာ အညိုရောင်ဖြစ်သော်လည်း အရောင်ချွတ်ဆေးများအသုံးပြုထားသဖြင့် အဖြူရောင်ဖြစ်နေကြောင်း သိရသည်။

သတိပေး

တစ်ဖန် ပန်းသီး၊ စပျစ်သီး၊ သဘော်သီး၊ ဖရဲသီးစသော သစ်သီးများတွင်လည်း အရောင်လှစေရန်အတွက် ဆိုးဆေးများ အသုံးပြုနေကြကြောင်း၊ ဟင်းသီးဟင်းရွက်များကိုလည်း မူလပင်ကိုအတိုင်း အရောင်ဖြစ်စေရန် သက်ဆိုင်ရာဟင်းသီးဟင်းရွက်များကို ဆိုးဆေးများသုံးစွဲရောင်းချနေကြကြောင်း ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက သတိပေးသည်။

ပိုးသတ်ဆေးများ၊ ဓာတုဆေးဝါးများ အသုံးပြုခြင်းကြောင့်လည်းဟင်းသီးဟင်းရွက်များကို သန့်ရှင်းစင်ကြယ်စွာ ဆေးကြောမစားပါက ကျန်းမာရေး ထိခိုက်နိုင်ကြောင်း၊ တစ်ဖန် ငါးများစားသုံးရာတွင် လူတို့က ဓာတုပစ္စည်းများဖြင့် ပြုလုပ်ထားသော ငါးစာတောင့်များဖြင့် ကြီးထွားလာသော မွေးမြူရေးငါးများကိုလည်း သတိပြုစားသုံးရမည်ဖြစ်သည်။

ကျန်းမာရေးအသိ

ထိုသို့သော အစားအစာများကို သတိပြုဆင်ခြင်ကာ စားသုံးသင့်ပြီး ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်သင့်ကြောင်း၊ သို့မဟုတ်ပါက ကင်ဆာရောဂါများနှင့် အခြားအသက်အန္တရာယ်ကို ခြိမ်းခြောက်သော ရောဂါများဖြစ်ပွားနိုင်ကြောင်း အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက အကြံပြု ပြောကြားသွားသည်ဖြစ်ရာ ပြည်သူများ ကျန်းမာရေးအသိ ရရှိစေရန်ရေးသားဖော်ပြလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

အမျိုးသားအကျိုးစီးပွားနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အကျိုးပြုသည့် စီးပွားဖြစ် ကျွန်းသစ်တောစိုက်ခင်းလုပ်ငန်း

သောင်းညွှန့်သစ်

သစ်တောသစ်ပင်များသည် သဘာဝအလျောက် ပန်းများပွင့်ကြသည်။ အသီးသီးကြသည်။ အသီးများ အစေ့ကြွေကျ၍ အပင်များပေါက်ပွားကြသည်။ သို့ဖြင့် သစ်တောများသည် ကုန်ခန်းနိုင်ဖွယ်မရှိဟုပင် မှတ်ထင်ခဲ့ကြသည်။ သို့သော် မြေကြီးမှ ပဒေသာပင်သီးသကဲ့သို့ နှစ်ပေါင်းများစွာ ထုတ်ယူသုံးစွဲလာခဲ့ကြရာ တစ်စတစ်စ ပျောက်ကွယ်လျော့ပါးလာခဲ့ပြီ ဖြစ်သည်။

ကမ္ဘာတွင် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၌ အပူပိုင်းသစ်တောများ အများဆုံးပေါက်ရောက်လျက်ရှိပါသည်။ ကမ္ဘာပေါ်ရှိသစ်တောများထက် ထူးခြားသောအချက်သည် ဒေသတစ်ခုအတွင်း သက်တမ်းမညီသော သစ်မျိုးစုံ ပေါက်ပွားလျက် ရှိနေခြင်းပင်ဖြစ်သည်။ သဘာဝကပေးသော အဖိုးတန် သဘာဝရတနာများသာ ဖြစ်ပေသည်။ ထိုသို့ အဖိုးတန်သဘာဝရတနာများကို ထုတ်ယူသုံးစွဲနေဖို့ချည်း မဟုတ်ဘဲ ရေရှည်ဖွံ့ဖြိုးတည်တံ့နေစေရန် လိုအပ်လှသည်။ မြန်မာ့သဘာဝသစ်တောများအတွင်း၌ မြန်မာ့ဂုဏ်ဆောင် ကမ္ဘာကျော် မြန်မာ့ကျွန်းသစ်သည် အရှေ့တောင်အာရှ သစ်တောများ၌ အထင်ရှားဆုံး၊ အဖိုးတန်ဆုံး၊ အပေါများဆုံးအဖြစ် ပိုင်ဆိုင်ခဲ့သည်။ တတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သူ အလောင်းမင်းတရားကြီးလက်ထက် ၁၇၅၂ခုနှစ်မှစ၍ ကျွန်းသစ်ကို ဘုရင်ပိုင်သစ်(Royal tree)အဖြစ် အမိန့်ပြန်တမ်း ထုတ်ပြန်ထိန်းသိမ်းခဲ့သည်။ ဗြိတိသျှအစိုးရလက်ထက် (၁၈၂၆)ခုနှစ် မြန်မာ့သစ်တောများကို အုပ်ချုပ်ရသူ ဒေါက်တာဝါလစ်ဆိုသူက ဘုရင်ခံချုပ်ထံ အစီရင်ခံရာ၌ "မြန်မာ့သစ်တောများတွင် အဖိုးတန်သည့် ကျွန်းသစ်အမြောက်အမြားရှိကြောင်း၊ အိန္ဒိယနိုင်ငံ မဒရပ် အနောက်ဘက်ကမ်းခြေရှိ မာလာဘာသစ်တောများမှ ကျွန်းသစ်များကို အဆီးအတား အထိန်းအကွပ်မရှိ သစ်ထုတ်ခုတ်လှဲခဲ့ခြင်းကြောင့် အချိန်တိုအတွင်း လုံးဝပြုန်းတီး ပျောက်ကွယ်သွားခဲ့သည်ကို အကြောင်းပြု၍ မြန်မာနိုင်ငံကျွန်းသစ်အားလုံးကို အစိုးရပိုင်အဖြစ် ကြေညာ၍ အစိုးရကသာ စီမံအုပ်ချုပ်လုပ်ကိုင်သင့်ကြောင်း၊ မကုန်ခန်းနိုင်ဟု ဇကန်ခေါ်ဆိုရမည့် သစ်တောဆိုသည်မှာမရှိ၊ လူတို့လိုသလောက် ထာဝစဉ် ဖြည့်ဆည်းပေးနေနိုင်သည့် သစ်တောဟူသည် မရှိကြောင်း အစီရင်ခံခဲ့သည်။

သို့ကြောင့် မြန်မာ့သစ်တောများကို ၁၈၅၆ခုနှစ်မှစ၍ သိပ္ပံနည်းကျ စီမံအုပ်ချုပ်လုပ်ကိုင်လာခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ကျော်ပင်ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ၁၉၉၂ခု သစ်တော ဥပဒေပုဒ်မ (၄၃)ဖြင့် ကျွန်းသစ်ကို ကာကွယ်ထားသည်။ သစ်တောအရာရှိများအနေဖြင့် ဖမ်းဆီးအရေးယူပိုင်ခွင့်(Police power)နှင့် အပြစ်ပေးစီရင်ပိုင်ခွင့် (Majestic power)ကို တစ်ပြိုင်နက်အပ်နှင်းထားသည်။ ကျွန်းသစ်တစ်တန်အထိ သစ်တောဥပဒေအရ လည်းကောင်း၊ တစ်တန်ကျော်ပါက တရားစွဲဆိုရန်လည်းကောင်း ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်ပိုင်းမှလည်း ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေအရ အရေးယူခြင်းဖြင့်လည်း ကာကွယ်ထားသည်။ သို့ကြောင့် ကျွန်းသစ်သည် ဥပဒေအရ မည်သည့်နေရာတွင်ပေါက်သည်ဖြစ်စေ နိုင်ငံပိုင်သာဖြစ်နေသည်။ မည်သူမဆို မိမိစိုက်ပျိုးသည့် ကျွန်းပင်ကို မိမိပိုင်ဆိုင်ခွင့်မရှိခဲ့ပေ။

သို့သော် ယခုအခါ နိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိရာ ပုဂ္ဂလိက သစ်တောကဏ္ဍကိုပါ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးလျက်ရှိသည်။ နိုင်ငံတော်ပိုင် စီးပွားရေး ဥပဒေများနှင့် သစ်တောဥပဒေပုဒ်မ ၁၄(ခ)အရ ကြိုးဝိုင်းသစ်တော၊ ကြိုးပြင်ကာကွယ်တော၊ မြေလွတ်မြေရိုင်းများတွင် အစိုးရ၏ ခွင့်ပြုချက်ဖြင့် ကျွန်းအပါအဝင် သစ်တောစိုက်ခင်းများ တည်ထောင်လုပ်ကိုင်ခွင့် ပြုပေးနေပြီ ဖြစ်သည်။ အစိုးရကသာလုပ်ကိုင်ခဲ့သော သစ်ထုတ်လုပ်ငန်းများကို အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ဖက်စပ်၊ လုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်များ ချမှတ်ပေးလျက်ရှိရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းကြီးပင် ထည်ထည်ဝါဝါ ရပ်တည်လျက်ရှိနေပြီဖြစ်သည်။

နိုင်ငံအနေဖြင့် သစ်ထုတ်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်းရာကျော်နေပြီဖြစ်သည်။ သစ်ထုတ်ခြင်းကြောင့် နိုင်ငံနှင့်အဝန်း သစ်တောပျက်စီးမှုကို အထူးသုတေသနပြု မှတ်တမ်းတင်ခြင်း မရှိသေးသော်လည်း သာဓကအားဖြင့် မလေးရှားနိုင်ငံတွင် သစ်ထုတ်ခြင်းကြောင့် ပတ်ဝန်းကျင်သစ်ပင်များ ပျက်စီးမှုကို စတုရန်းမိုင် ၁၀၀ခန့်ရှိသော သစ်ထုတ်ဧရိယာ သစ်တောအတွင်း သစ်ထုတ်နေစဉ်လိုက်၍ သုတေသနပြုခဲ့ရာ ပတ်ဝန်းကျင်သစ်ပင် ၅၃ရာခိုင်နှုန်း သေကျေပျက်စီးပြီး ၁၄ရာခိုင်နှုန်းမှာ ကျိုးပဲ့ပျက်စီးသည်။ အပင်အားလုံး၏ ၃၃ရာခိုင်နှုန်းသာ လွတ်ကင်းသည်။ သို့ကြောင့် အပင်အားလုံး၏ (၅၃+၁၄) ၆၇ရာခိုင်နှုန်း ပျက်စီးပြုန်းတီးကြောင်း ဖော်ပြသည်ကို နှိုင်းယှဉ်လေ့လာနိုင်ပေသည်။

သို့ဖြစ်၍ သစ်ထုတ်လုပ်ငန်းရှင်များအား သစ်ခုတ်လှဲထုတ်ယူ ခွဲစိတ်ရောင်းချနေရုံမျှသာမကဘဲ ကျွန်းအပါအဝင် အခြားသစ်မာ စိုက်ခင်းများ တည်ထောင်ခွင့်နှင့် စိုက်ပျိုးသူ ပိုင်ဆိုင်ခွင့်ရှိပြီး ပြည်တွင်းပြည်ပ ရောင်းဝယ်ဖောက်ကားမှုများကိုပါ ခွင့်ပြုပေးလျက် ရှိနေသည်။ သို့မှလည်း "တစ်ပင်လှဲမှု ဆယ်ပင်ထူ ဖေးကူစိုက်ပျိုးအစားထိုး"ရုံသာ မဟုတ်တော့ပေ။ နိုင်ငံအဝန်း ကျွန်းပင်စိုက်ခင်းများ သိန်းပေါင်းများစွာ ပြန်လည်ဖြည့်ဆည်းသွားနိုင်မည် ဖြစ်ပေသည်။

တစ်ချိန်က နိုင်ငံတော်အစိုးရကသာလျှင် လုပ်ကိုင်ခဲ့သော ကျွန်းစိုက်ခင်းလုပ်ငန်းများသည် ပုဂ္ဂလိကများအနေဖြင့် ယခုမှ လုပ်ကိုင်ကြရာ၌ နှစ်ပေါင်း (၄၀/၅၀)ကြာမြင့်မှ ထုတ်ယူသုံးစွဲရမည့်လုပ်ငန်းကို ရင်းနှီးမြှုပ်နှံရန် မဝံ့မရဲ ဖြစ်နေကြမည်ဖြစ်သည်။ သို့ရာတွင် သစ်တောဦးစီးဌာန၏ "ကျွန်းစိုက်ခင်း တည်ထောင်ခြင်းစနစ်နှင့် ထုတ်လုပ်ခြင်းအကျိုးခံစားမှု"နှင့် ပတ်သက်၍ ထုတ်ဖော် တွက်ချက်ထားသော "စံ"အရ ကျွန်းစိုက်ခင်းတစ်ခု တည်ထောင်ခြင်းသည် အချည်းနှီးမဖြစ်၊ အကျိုးအမြတ်များစွာ ရရှိနိုင်သည်ကို လေ့လာတွေ့ရှိရသည်။

ကျွန်းစိုက်ခင်းတစ်ဧက (ပင်ရေ၅၄၀)တည်ထောင်ခြင်းအတွက် လက်ရှိဒေသ လုပ်အားခများအရ ခန့်မှန်းခြေကုန်ကျစရိတ် ရင်းနှီးမတည်ငွေမှာ ငါးနှစ်သားအထိ ငွေကျပ်၁၀သိန်းခန့်သာရှိသည်။

စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း(စိုက်ပျိုးသည့်နှစ်)	ကျပ်	၂၀၀၀၀၀
ထိန်းသိမ်းပြုစုခြင်းလုပ်ငန်း(ငါးနှစ်သားထိ)	ကျပ်	၂၀၀၀၀၀
မြေငှားရမ်းခ၊ လုပ်သားကျန်းမာရေး၊ နေထိုင်ရေး၊ အထွေထွေ၊	ကျပ်	၆၀၀၀၀၀
စုစုပေါင်း-	ကျပ်	၁၀၀၀၀၀၀

အကျိုးအမြတ်ခန့်မှန်းချက်

- စိုက်ခင်းငါးနှစ်သား (ပထမ)အကြိမ် ပင်ကျဲပ်နုတ်ခြင်း၊ ပင်ကျဲပ်တိုင်၊ မျှောလုံးရေ ၂၇၀×ပျမ်းမျှတစ်လုံး ကျပ် ၁၀၀၀ နှုန်းဖြင့် ဝင်ငွေကျပ် ၂၇၀၀၀၀ ရနိုင်သည်။
- စိုက်ခင်း ၁၀ နှစ်သား (ဒုတိယ)အကြိမ် ပင်ကျဲပ်နုတ်ခြင်း၊ ပင်ကျဲပ်တိုင်လုံးရေ ၁၃၅×ပျမ်းမျှတိုင်တစ်လုံး ကျပ် ၁၀၀၀၀ နှုန်းဖြင့် ကျပ် ၁၃၅၀၀၀၀ ရရှိနိုင်သည်။
- စိုက်ခင်း ၁၅ နှစ်သား (တတိယ)အကြိမ် ပင်ကျဲပ်နုတ်ပြီး ကျွန်းပင် ၆၅ပင်၊ ပျမ်းမျှ ကျွန်းသစ် ၁၂ ဒသမ ၃တန်ထွက်ရှိနိုင်သဖြင့် ဝင်ငွေကျပ် ၃၃ ဒသမ ၁၁သိန်း ရရှိနိုင်သည်။
- စိုက်ခင်း ၂၅ နှစ်သား နောက်ဆုံးထုတ်ယူရောင်းချပါက တစ်ဧကမှ ကျွန်းသစ်လုံး ၃၀ ဒသမ ၇၇ တန် ထွက်ရှိနိုင်သဖြင့် ဝင်ငွေကျပ် ၄၅၂သိန်းရရှိနိုင်မည် ဖြစ်ပါသည်။

ကျွန်းစိုက်ခင်းတစ်ဧက၏ ၂၅ နှစ်သက်တမ်းတွင် စုစုပေါင်း ဝင်ငွေကျပ်သိန်း ၅၀၀ခန့် (လက်ရှိပေါက်ဈေး)ဖြင့် အမေရိကန်ဒေါ်လာ ၅၀၀၀၀ အထက် ရရှိနိုင်ပေသည်။ ဤသည်မှာ တစ်ဧက၏ အကျိုးအမြတ် အကြမ်းဖျင်း "စံ" တွက်ချက်မှုဖြစ်ပါသည်။ သက်တမ်းမစေ့မီကပင် ကြားဖြတ်ဝင်ငွေရနေသည်။ နှစ်တိုရာသီသီးနှံများ ရောနှောစိုက်ပျိုးခြင်းဖြင့်လည်း ကြားဖြတ်ဝင်ငွေ ရနေဦးမည်ဖြစ်သည်။

ထို့အပြင် အတွေ့အကြုံအရ နိုင်ငံတကာသစ်ဈေးကွက်တွင် ကျွန်းသစ်နှင့်ပတ်သက်၍ ဆန်းသစ်သော ဈေးကွက်တစ်ခုရှိလာသည်။ ၂၀၀၃ ခုနှစ်က သစ်တောဖက်စပ်နှင့် ဆက်သွယ်လာခဲ့သော နိုင်ငံခြားသားပညာရှင်နှင့် ကုမ္ပဏီတစ်ခုက ကမ်းလှမ်းခဲ့ဖူးရာတွင် ကမ္ဘာမှာကျော်ကြားသော မြန်မာမှာသာလျှင်ရှိသည့် လှပသော အနက်စင်း(Black Stripe)များဖြင့် သက်တမ်းရင့် မြန်မာ့ကျွန်းသစ်အမျိုးအစားထက် အနက်စင်းလုံးဝမပါရှိ အနှစ်မဝင်သေးသော အဖြူရောင်သက်သက် (ခြောက်နှစ်၊ခုနစ်နှစ်)သား သက်နုကျွန်းပင်များကို ဆင်စွယ်သစ် (Ivory wood)အဖြစ် ဈေးကွက်ကောင်း ရှိနေပြီဖြစ်ကြောင်း သိရသည်။ သို့ကြောင့် ကျွန်းပင်ကိုစိုက်လျှင် နှစ်ပေါင်း (၄၀/၅၀)ရင်းနှီးမြှုပ်နှံရမည်ဆိုသော အတိတ်ကအတွေးဟောင်းများသည် တိုးတက်လာသော ခေတ်စနစ်နှင့်အညီ ပြောင်းလဲလျက် ရှိနေပြီဖြစ်သည်။

သို့ဖြစ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကျွန်းစိုက်ခင်းလုပ်ငန်းများ၏ အတွေ့အကြုံ၊ နည်းပညာ၊ လုပ်ငန်းစနစ်တို့သည် မဖြစ်မနေလိုအပ်လာမည်သာ ဖြစ်ပေသည်။ သို့ပါ၍ ကျွန်းစိုက်ခင်းအကြောင်း သိကောင်းစရာများ၊ နည်းပညာ အချက်အလက်၊ လုပ်ကိုင်နည်းစနစ်များသည် လုပ်ငန်းအောင်မြင်ရေးအတွက် အထောက်အကူပြုမည်သာ ဖြစ်ပါသည်။

သစ်တောစိုက်ခင်းများသည် ရာသီချိန်ကိုက်လုပ်ကိုင်ရသော လုပ်ငန်းများ ဖြစ်သည်။ သတ်မှတ်ရာသီ အချိန်ကာလအလိုက် လုပ်ငန်းပမာဏကို ပြီးစီးမှသာလျှင် အောင်မြင်သော စိုက်ခင်းကောင်းတစ်ခုကို ရရှိနိုင်ပေသည်။

စိုက်ခင်းမြေနေရာရွေးချယ်၊ စိုက်ကွက်မြေတိုင်းဖော်ထုတ်ခြင်း

နိုဝင်ဘာလ၊ ဒီဇင်ဘာလအတွင်း အပြီးဆောင်ရွက်ထားရမည် ဖြစ်သည်။

တောခုတ်ခြင်းလုပ်ငန်း

ဒီဇင်ဘာလ၊ ဇန်နဝါရီလအတွင်း အပြီးလုပ်ကိုင်ရသည်။ အပင်ငယ်၊ ချုံနွယ်၊ ဝါးရုံများကို ဦးစွာခုတ်လှဲပြီးမှ အပေါ်မှဖိ၍ သစ်ပင်ကြီးများကိုခုတ်လှဲရသည်။ သို့မှသာ လောင်စာအောက်ခံဖြင့် ယာကွက်မီးရှို့သည့်အခါ မီးလောင်ချက်ကောင်းမည်ဖြစ်ပါသည်။

မီးကာကွယ်၊ မီးရှို့ခြင်း

တောင်ယာခုတ်လှဲထားပြီး မတ်လနောက်ဆုံးပတ်အထိ မီးကာကွယ်ထားရမည်။ မီးရှို့ခြင်းကို သကြၤန်လက်ဆေးမိုး မမိရစေဘဲ မတ်လ၏ နောက်ဆုံးပတ်အတွင်းရှို့နိုင်က အကောင်းဆုံးဖြစ်သည်။ မီးရှို့လျှင် လေတင်မှစုန်၍ စတင်မရှို့ရပါ။ လေအောက်မှဆန်၍ ရှို့ရသည်။ သို့မှသာ ကျိတ်၍ဖြည်းဖြည်းချင်း မီးလောင်ချက်နာမည် ဖြစ်ပါသည်။

ကျွန်းခွေခြင်း (ကျွန်းကောက်ခြင်းဟုလည်းခေါ်သည်)

တောင်ယာမီးရှို့ပြီးနောက် မီးမလောင်ကျန်ထင်းများကို စုသိမ်းမီးရှို့ရှင်းလင်းခြင်းဖြစ်သည်။ မတ်လ၊ ဧပြီလအတွင်း အပြီးဆောင်ရွက်ရသည်။

ပန္နက်ရိုက်မှတ်ခြင်း

ကျွန်းပင်တစ်ပင်နှင့်တစ်ပင်အကွာအဝေး (၉'×၉') စိုက်ပျိုးရန်(၃') ဝါးပန္နက်များဖြင့် မေလအတွင်း အပြီးရိုက်မှတ်ရသည်။

သစ်ပင်စိုက်ပျိုးခြင်း

ပျိုးပင်ဖြင့် စိုက်ပျိုးခြင်း၊ သစ်စေ့ဖြင့် တိုက်ရိုက်စိုက်ခြင်း၊ ငုတ်တက်ဖြင့် စိုက်ခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ သစ်ပင်စိုက်ပျိုးခြင်းကို ဇွန်၊ ဇူလိုင်တွင် အပြီးစိုက်ရပါမည်။

ပျိုးပင်ဖြင့်စိုက်ပျိုးခြင်း

ကြိုတင်ကျင်းတူး/ကျင်းဖို့ခြင်းနှင့် တိုက်ရိုက်ကျင်းတူးစိုက်စနစ် နှစ်မျိုးရှိသည်။ ကြိုတင်ကျင်းတူး/ ကျင်းဖို့ခြင်းကို မိုးရေချိန်(၃၀")အောက်နည်းသော အပူပိုင်းဒေသတွင် မိုးရေခံကျင်းစနစ်ဖြင့် တူးခြင်းဖြစ်သည်။ ကျင်းအလျား ၄'× အနံ ၄'× အနက် ၁'တူး၍ အလယ်ချက်ကျင်း (၁'×၁'×၁') တူးသည်။ အလျား ၆'× အနံ ၁$\frac{၁}{၂}$'× အနက် ၁$\frac{၁}{၂}$'တူးလျှင် အလယ်ချက်ကျင်း (၁$\frac{၁}{၂}$'×၁$\frac{၁}{၂}$'×၁$\frac{၁}{၂}$')တူးသည်။ ကချင်၊ ကယား၊ ချင်းနှင့် ရှမ်းပြည်နယ်ဒေသများတွင် ကျင်းအရွယ်(၂'×၂'×၂')တူး၍ စိုက်ပျိုးသည်။ မြန်မာပြည်အောက်ပိုင်း မိုးကောင်းသော ဒေသများ၌ ကျင်းအရွယ်(၁'×၁'×၁') တိုက်ရိုက်ကျင်းတူးစိုက်ပျိုးသည်။ ကျင်းတူး၊ ကျင်းဖို့ခြင်းစနစ်တွင် ဧပြီလ၊ မေလများ၌ အပြီးကျင်းတူးခြင်း၊ ဖို့ခြင်းဆောင်ရွက်ထားကြရသည်။ သစ်ပင်စိုက်ရာတွင် ပထမဦးဆုံးမိုး(First Rain)မိအောင် စိုက်ပျိုးနိုင်ပါက ရှင်သန်မှု ရာခိုင်နှုန်း အလွန်ကောင်းပါသည်။

သစ်စေ့ဖြင့်စိုက်ပျိုးခြင်း (Direct Seed Sowing)

ပန္နက်ရင်းတွင် ဖိုခနောက်ဆိုင်သုံးစေ့စီဖြင့် ကိုးစေ့မြေမြှုပ်စိုက်ပျိုးခြင်းဖြစ်သည်။ ကျွန်းစေ့သည် အပူဓာတ်လိုအပ်သဖြင့် မေလတွင် အပြီးမြှုပ်စိုက်ထားနိုင်မှသာလျှင် ပေါက်ရောက်ရှင်သန်မှုကောင်းသည်။ ပျိုးပင်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ ဇွန်လ၊ဇူလိုင်လ မိုးဖြိုင်ဖြိုင်ကျချိန်မှ ကျွန်းစေ့ကို မြေမြှုပ်စိုက်လျှင် ပေါက်နှုန်း လုံးဝမကောင်းတော့ပါ။ နောက်နှစ်မိုးရာသီကျမှသာ ပေါက်ရောက်နိုင်တော့မည်ဖြစ်သည်။

ငုတ်တက်ဖြင့် စိုက်ပျိုးခြင်း

တစ်နှစ်သားငုတ်တက်များသာ စိုက်ပျိုးနိုင်သဖြင့် ကြိုတင်ပျိုးထောင်ထားမှသာဖြစ်ပေသည်။ ငုတ်တက်ကို ဇွန်လ၊ ဇူလိုင်လ မိုးကျချိန်အပြီးစိုက်နိုင်က ရှင်သန်ရာနှုန်းကောင်းသည်။ စိုက်ခင်းများတွင် ဖြစ်နိုင်က ပျိုးပင်ဖြင့် စိုက်ပျိုးမှသာလျှင် အသေချာဆုံး ဖြစ်ပါသည်။

ပေါင်းသင်ရှင်းလင်းခြင်း

ပင်ခြေတစ်ဝိုက် သုံးပေ အပြောင်ရှင်းခြင်း(သို့မဟုတ်) အတန်းအလိုက် သုံးပေ အကျယ်အပြောင်ရှင်းခြင်းနှင့် စိုက်ပင်များအကြား ပုံမှန်ပေါင်းခုတ်ရှင်းလင်းပေးခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ ပေါင်းရှင်းစနစ်မှာ စိုက်ပျိုးသည့်ပထမနှစ်၌ သုံးကြိမ်၊ ဒုတိယနှစ်၌ နှစ်ကြိမ်၊ တတိယနှစ်၌ တစ်ကြိမ် (၃း၂း၁)စနစ်ဖြင့် ဆောင်ရွက်သည်။ ဇွန်လ၊ ဇူလိုင်လမှ အောက်တိုဘာ၊ နိုဝင်ဘာလများအတွင်း အပြီးဆောင်ရွက်ရသည်။

ပင်သေဖာထေးခြင်း

စိုက်ပျိုးသည့်ပထမနှစ်၌ ဒုတိယအကြိမ်ပေါင်းသင်ရှင်းလင်းခြင်းနှင့်အတူ ဖာထေးစိုက်ပျိုးသည်။ သက်တမ်းတူ အပိုဆောင်း ပျိုးထောင်ထားသာ ပျိုးပင်များဖြင့် ဖာထေးနိုင်သည်။ သစ်စေ့ဖြင့် ဖာထေးခြင်းမပြုရပါ။ ဒုတိယနှစ်၌ ဆက်လက်ဖာထေး စိုက်ပျိုးနိုင်သည်။ ငုတ်တက်ဖြင့်လည်း ဖာထေးနိုင်သည်။

စစ်ဆေးလမ်းဖောက်လုပ်ခြင်း

စိုက်ခင်းဧရိယာအတွင်း လှည့်လည်စစ်ဆေးကြည့်ရှုရန် လမ်းဖောက်လုပ်ရမည်။ ဇန်နဝါရီလ မီးကြိုတင်ကာကွယ်စဉ် ဖောက်လုပ်ထားသော အတွင်းမီးတားလမ်းများကို စစ်ဆေးလမ်းအဖြစ် ပြုပြင်အသုံးပြုသွားနိုင်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် ပြည်တွင်း ပြည်ပ ရောင်းဝယ်ဖောက်ကားခွင့်လုပ်ငန်းများကို ဖော်ထုတ်ပေးလိုက်ခြင်းသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသအလိုက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုပါ တစ်ပြိုင်နက်ရေရှည်အကျိုးပြုနေမည့် လုပ်ငန်းဖြစ်။

5-4 (10).pmd 1 4/5/2009, 3:30 AM

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် မြဝတီရုပ်မြင်သံကြား (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက် ၂၀၀၈ခုနှစ် မြဝတီ၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ရှေးဦးစွာစစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ဂုဏ်ပြု အမှာစကား ပြောကြားရာတွင် မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်ခဲ့သည်မှာ ယခု(၆၄)နှစ်မြောက် တပ်မတော်နေ့တွင် ၁၄နှစ်ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အတူ မြဝတီစာပေတိုက်၏ သက်တမ်းသည်လည်း ၅၆နှစ်ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ မြဝတီစာပေတိုက်ထက် မြဝတီမဂ္ဂဇင်းနှင့် ငွေတာရီမဂ္ဂဇင်းတို့သည်လည်း သက်တမ်းအားဖြင့် ၅၆နှစ်နှင့် ၄၇နှစ်အသီးသီး ရှိကြပြီဖြစ်၍ ယင်းမဂ္ဂဇင်းနှစ်စောင်သည် မြန်မာစာပေလောက၌ သက်တမ်းရင့် ဂုဏ်သိက္ခာရှိသည့် မဂ္ဂဇင်းကြီး နှစ်စောင်အဖြစ် ရပ်တည်ရှင်သန်နေဆဲပင် ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် ပြည်သူနှင့် တပ်မတော် တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း လက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်နေသော အချိန်ကာလလည်း ဖြစ်ကြောင်း။

ကြိုးပမ်းဖော်ထုတ်

ယခုခေတ်တွင် နည်းပညာများ အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေ၍ နည်းပညာခေတ်ဟု တင်စားသတ်မှတ်နေကြသည့် အချိန်လည်းဖြစ်ကြောင်း၊ နည်းပညာဖွံ့ဖြိုး တိုးတက်ရေးကို ကမ္ဘာ့နိုင်ငံအသီးသီးက အပြိုင်အဆိုင် ဆောင်ရွက်နေကြသကဲ့သို့ မြန်မာနိုင်ငံ၌လည်း နည်းပညာ ဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်များကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ထုတ် ဆောင်ရွက်လျက် ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာ၌ နည်းပညာမြင့်မားသည့် နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် Media ကို အသုံးချပြီး စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာ နယ်ပယ်အားလုံးတွင် လွှမ်းမိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိုးနှက်

Media က တစ်ဆင့် ၎င်းတို့၏ အတွေးအခေါ်၊ အယူအဆ၊ လူနေမှုစနစ်နှင့် ယဉ်ကျေးမှုဓလေ့စရိုက်များကို လက်ခံပြီး နေထိုင်ပြုမူပြောဆိုလာအောင် စဉ်ဆက်မပြတ် ထိုးနှက်ဆောင်ရွက်နေသည်ကို တွေ့ရမည် ဖြစ်ကြောင်း။

လုပ်ကြံထုတ်လွှင့်

ထို့အပြင် ပြည်ပနိုင်ငံ တချို့သည် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ် ပြောင်းလဲမှုများကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားအောင် Media ကို လက်နက်သဖွယ် အသုံးပြုလျက်ရှိကြောင်း၊ ပြည်တွင်းတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အားနည်းအောင် ပြည်ထောင်စု စိတ်ဓာတ်ပြိုကွဲအောင်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ မဟုတ်မမှန် ကောလာဟလ သတင်းများကို လုပ်ကြံထုတ်လွှင့်နေသည်ကိုလည်း အားလုံးအသိပင် ဖြစ်ကြောင်း။

ယင်းသို့သော အန္တရာယ်များကနေ ပြည်သူလူထုကို အကာအကွယ်ပေးနိုင်ရန်အတွက် Mediaနည်းလမ်းဖြင့်ပင် ထိထိရောက်ရောက် ပြန်လည်အသုံးချ တန်ပြန်ချေဖျက်ဆောင်ရွက်ကြရန် လိုကြောင်း။

Media များအနက် ရုပ်မြင်သံကြားနှင့် စာနယ်ဇင်းသည် ပြည်သူလူထုအတွင်း သတင်းပြန်ကြားမှုနှင့် ပညာပေးမှုတွင် အထိရောက်ဆုံး ဆောင်ရွက်နိုင်သည့် လူထုဆက်သွယ်ရေး လုပ်ငန်းများပင် ဖြစ်ကြောင်း၊ ယင်းတို့တွင် ရုပ်မြင်သံကြားသည် လူထုပရိသတ် အရင်းနှီးဆုံးနှင့် အထိရောက်ဆုံး Media လည်း ဖြစ်ကြောင်း။

အရေးပါ

မြဝတီရုပ်မြင်သံကြားသည် လူထုဆက်သွယ်ရေး လုပ်ငန်း၌ အရေးပါသော အခန်းကဏ္ဍက ပါဝင်နေပြီး ပြည်သူတစ်ရပ်လုံး ချမ်းမြေ့ ပျော်ရွှင်ကြည်နူးစေရန်၊ မှန်ကန်သည့် သတင်းအချက်အလက်များအချိန်မီ သိရှိစေရန်ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် ပြန်ကြားပေးရန်ဆိုသော တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်လာခဲ့သည်မှာ ယခုဆိုလျှင် ၁၄နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ကြောင်း။

မြဝတီရုပ်မြင်သံကြား အနေဖြင့် ပေးအပ်ထားသည့် တာဝန်များအပြင် ၂၀၀၈ ခုနှစ် မေလအတွင်းက ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် မုန်တိုင်းဒဏ်သင့်ဒေသများသို့ နေရာအနှံ့ သွားရောက်ကာ အခက်အခဲအမျိုးမျိုးကြားမှ သတင်းများရယူပြီး အချိန်မီ ထုတ်ပြန်နိုင်ခဲ့ကြောင်း။

ယုံကြည်အားထား

ဘေးဒုက္ခကြုံတွေ့ခဲ့ရသည့် ဝေးလံသော ဒေသများအထိ သွားရောက်ပြီး ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သတင်းရိုက်ကူး ထုတ်လွှင့်ပေးခဲ့၍ မုန်တိုင်းဒဏ်သင့်ပြည်သူများ၏ ရပ်ဝေးရောက် မိဘဆွေမျိုးသားချင်းများက ၎င်းတို့ဒေသ၏ အခြေအနေကို မြင်တွေ့ကြားသိခွင့်ရသည့်အတွက် ကျေးဇူးတင်စကား ဆက်သွယ်ပြောကြားမှုများ လက်ခံရရှိခဲ့ကြောင်း၊ မြဝတီရုပ်သံအပေါ် ပြည်သူလူထု၏ ယုံကြည်အားထားမှု သာဓကတစ်ခုဖြစ်ကြောင်း။

မြဝတီရုပ်မြင်သံကြားကို တိုးတက်ပြောင်းလဲလာသည့် နည်းပညာနှင့်အညီ Analog စနစ်နှင့် ထုတ်လွှင့်နေရာမှ Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်နိုင်အောင် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ နောင်တစ်ချိန်တွင် လက်ရှိရုပ်သံလိုင်းတစ်ခုသာ ထုတ်လွှင့်နေရာမှ လိုင်းများစွာ ထုတ်လွှင့်နိုင်မည်ဖြစ်ပြီး မိမိတို့ကြိုက်နှစ်သက်ရာကဏ္ဍများကို ရွေးချယ်ကြည့်ရှုနိုင်မည့် အခွင့်အရေးလည်း ရလာတော့မည် ဖြစ်ကြောင်း၊ ယင်းသို့ခေတ်နှင့်အမီ ပြောင်းလဲထုတ်လွှင့်နိုင်ရန်အတွက် မြဝတီရုပ်မြင်သံကြားဝန်ထမ်းများကို အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ ဖြစ်အောင် တာဝန်ရှိသူများက သင်ကြားလေ့ကျင့်ပေးထားရန်လိုကြောင်း။

ကြိုးစားဆောင်ရွက်

ယနေ့ မြဝတီရုပ်မြင်သံကြားသည် ပြည်သူများ၏ ချစ်ခင်အားပေးမှုရရှိနေခြင်းသည် တာဝန်ရှိသူအဆင့်ဆင့်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စစ်သည်၊ ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုအပြင် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များနှင့် ပုဂ္ဂလိက Media များ၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့်လည်းဖြစ်ကြောင်း၊ ရရှိထားသောအောင်မြင်မှုကို ထိန်းသိမ်းရင်း နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုသည့် အစီအစဉ်များ ထုတ်လွှင့်သွားနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်း။

ယနေ့ဆုချီးမြှင့်ခြင်းခံရသည့် စစ်သည်၊ ဝန်ထမ်းများသည် မိမိတို့၏ ကြိုးစားအားထုတ်မှုကြောင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခံရခြင်း ဖြစ်ကြောင်း၊ ဌာနအတွင်းရှိ စစ်သည်၊ ဝန်ထမ်းများသည် ကောင်းသော ယှဉ်ပြိုင်မှုဖြင့် မိမိတို့၏ စွမ်းဆောင်မှု အရည်အသွေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာမည်ဖြစ်ကြောင်း။

ယနေ့အခမ်းအနား၌ မြဝတီစာပေတိုက်က နှစ်စဉ်ကျင်းပပေးနေသည့် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်းတို့တွင် ဖော်ပြခဲ့သော တစ်နှစ်အတွင်း အကောင်းဆုံးဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းဆုများကိုလည်း ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း။

အဓိကကျ

စာပေသည်လူမျိုးတစ်မျိုး၏ယဉ်ကျေးမှု မဏ္ဍိုင်ဖြစ်ကြောင်း၊ စာပေတင့်မှ လူမျိုးတင့်မှာဖြစ်သကဲ့သို့ စာပေအနုပညာ အဆင့်အတန်းမြင့်မှုလည်း နိုင်ငံနှင့် လူမျိုး၏ အဆင့်အတန်း မြင့်မားမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံသားအားလုံး ပညာရည်မြင့်မားရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်လက္ခဏာများ မတိမ်ကော မပပျောက်စေရေးတို့အတွက် စာပေသည် အဓိကကျသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များသည် အဆင့်အတန်း မြင့်မားပြီး သိမ်မွေ့နက်ရှိုင်း ကျယ်ဝန်းလှကြောင်း၊ ယင်းကဲ့သို့ အကြောင်းအရာများကို ပြည်သူလူထုထံတင်ပြပေးနေသည့် မြဝတီစာပေတိုက်ဝန်ထမ်းများ၊ ပါဝင်ရေးသားကြသော စာပေအနုပညာရှင်များ၊ ကာတွန်း၊ ရုပ်ပြ၊ ပန်းချီ၊ ဒီဇိုင်းပညာရှင်များ၊ ဓာတ်ပုံပညာရှင်များအားလုံးကို ဂုဏ်ပြုပါကြောင်းနှင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု တိုက်တွန်း ပြောကြားလိုကြောင်း။

ဆုချီးမြှင့်မည်

ယနေ့အခမ်းအနား၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်/ကျောင်းများမှ နိုင်ငံတော်အဆင့် စာပေဆု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုရရှိသူများနှင့် တပ်မတော်နေ့ အထိမ်းအမှတ်ဆု ရသူများကိုလည်း ဆုချီးမြှင့်မည် ဖြစ်ကြောင်း။

ထို့အပြင် မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်အပေါ် ပံ့ပိုးကူညီခဲ့ကြသော ပညာရှင်များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများကိုလည်း ဂုဏ်ပြုရသည့်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခမ်းအနားလည်းဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ယုံကြည်မှု

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်တို့အနေဖြင့် Media လုပ်ငန်းများဖြစ်သည်နှင့်အညီ အမှားအယွင်း ကင်းအောင် ဂရုပြုဆောင်ရွက်ကြပါ၊ တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာရှိကြပါ၊ အမျိုးသားရေး ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်ကြပါ၊ မိမိတို့ Media လုပ်ငန်းအပေါ် ပြည်သူများက ယုံကြည်မှုထက်သန် ခိုင်မာလာအောင် တည်ဆောက်ကြပါ၊ ပြောင်းလဲလာသည့် စနစ်နှင့်အညီ အရည်အချင်းပြည့်ဝပြီး တိုင်းချစ် ပြည်ချစ်စိတ်ရှိသော မီဒီယာသမားကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ချီးမြှင့်

ထို့နောက်စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ပထမဆုရ စစ်ငြိမ်းပန်း၊ ဒုတိယဆုရဒေါက်တာဝင်းမာ (IM-2)၊ အထူးဆုများ ရရှိကြသော ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)နှင့် မောင်မောင်ထွန်း၊ မြဝတီမဂ္ဂဇင်းအကောင်းဆုံး ကဗျာဆုရ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မြဝတီမဂ္ဂဇင်း အကောင်းဆုံး ဆောင်းပါးဆုရ မောင်ခင်မင်(ဓနုဖြူ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က မြဝတီမဂ္ဂဇင်းအကောင်းဆုံးဝတ္ထုတိုဆုရ ဆင်ဖြူကျွန်းအောင်သိန်း၊ မြဝတီမဂ္ဂဇင်း အကောင်းဆုံး ကာတွန်းဆုရ မောင်တင်ယု၊ ငွေတာရီမဂ္ဂဇင်းအကောင်းဆုံးကာတွန်းဆုရ လွမ်းမောင်(သုဝဏ္ဏ)၊ ငွေတာရီမဂ္ဂဇင်းအကောင်းဆုံး ကဗျာဆုရ မောင်ဟေမာ၊ ငွေတာရီမဂ္ဂဇင်းအကောင်းဆုံးဆောင်းပါးဆုရ ဒေါ်ကြန်၊ ငွေတာရီမဂ္ဂဇင်း အကောင်းဆုံးဝတ္ထုတိုဆုရ ကိုနိုင်း(ချင်းတောင်)နှင့် ငွေတာရီ မဂ္ဂဇင်း အကောင်းဆုံး ဝတ္ထုရှည်ဆုရ အောင်ပန်းချောင်းသား(ရေစကြို)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ယင်းနောက် မြဝတီရုပ်မြင်သံကြား စစ်သည်၊ ဝန်ထမ်းဆုများကို ချီးမြှင့်ရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် သန်းစိုးက အကောင်းဆုံး ထုတ်လုပ်ရေးမှူးဆုရ ဒုတိယအရာခံဗိုလ်(အစားခန့်) သန္တာဝင်းနှင့် ဒုတိယအရာခံဗိုလ်(အစားခန့်) ခိုင်ချိုထွန်း၊ အကောင်းဆုံးကင်မရာရိုက်ကူးသူဆုရ ဒုတိယအရာခံဗိုလ် အေးဇော်နှင့် အရာခံဗိုလ်(အစားခန့်) သက်မင်းထွန်း၊ အကောင်းဆုံး သတင်းကြေညာသူဆုရ တပ်ကြပ်ကြီး (အစားခန့်) ခိုင်ဝင်း၊ အကောင်းဆုံး နိုင်ငံတကာ သတင်းဘာသာပြန်ဆုရရှိသူ ဒုတိယအရာခံဗိုလ်(အစားခန့်) ဝင်းဝင်းခိုင်၊ အကောင်းဆုံးကွန်ပျူတာကျွမ်းကျင်ဆုရရှိသူ တပ်ကြပ် လှနိုင်ဦးနှင့် တပ်ကြပ်ကြီး (အစားခန့်) ဇာခြည်ခိုင်၊ အကောင်းဆုံး အစီအစဉ်မှူးဆုရ ဒုတိယအရာခံဗိုလ် (အစားခန့်) ရည်မွန်အောင်နှင့် ဒုတိယအရာခံဗိုလ် (အစားခန့်) သဲနုအေးတို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း(ငြိမ်း)က မြဝတီရုပ်မြင်သံကြား စစ်သည်၊ ဝန်ထမ်းဆုများ ရရှိကြသော အကောင်းဆုံး တည်းဖြတ်ဆုရ ဒုတိယအရာခံဗိုလ် (အစားခန့်) ဖြူသွယ်စိုးနှင့် ဒုတိယအရာခံဗိုလ် (အစားခန့်) မြင့်မြင့်အောင်၊ အကောင်းဆုံးတေးဂီတ (ဆိုင်းဝိုင်း) ဆုရရှိသူ အရာခံဗိုလ်အောင်သန်းစိုး၊ အကောင်းဆုံး မိတ်ကပ်အလှပြင်ဆင်သူဆုရရှိသူ ဒုတိယအရာခံဗိုလ် (အစားခန့်) အေးအေးခိုင်နှင့် စက်မှုဌာန ဂုဏ်ပြုဆုကို စက်မှုဌာနမှ အရာခံဗိုလ်မြင့်ဆွေတို့အား

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ရှင်ပင်ရေတွက်ခြင်း

စိုက်ပျိုးသမျှ ရှင်သန်မှုအောင်ချက်ရာနှုန်း ရေတွက်ခြင်းဖြစ်သည်။ နှစ်စဉ် ဒီဇင်ဘာလတွင် ဆောင်ရွက်ရသည်။ ပိုမိုသေချာစေရန် မေလတွင် ဒုတိယအကြိမ် ထပ်မံရေတွက် မှတ်တမ်းတင်ခြင်းလည်း ဆောင်ရွက်သည်။

မီးဘေးကြိုတင်ကာကွယ်ခြင်း

စိုက်ပျိုးတည်ထောင်ပြီးနောက် ငါးနှစ်သားအထိ မီးကာကွယ်ရသည်။ အတွင်း၊ အပြင်မီးတားလမ်း ခြောက်ပေ အပြောင်ရှင်းဖောက်လုပ်ခြင်း၊ မီးလှန်ခြင်း (**Early Burning**)၊ မီးမျှော်စင်၊ မီးကင်းတဲဆောက်ခြင်း၊ မီးစောင့်များ ငှားရမ်းစောင့်ခြင်းစသည်ဖြင့် ဆောင်ရွက်ပါသည်။ မီးလှန်သည်ဆိုသည်မှာ ပူပြင်းရာသီမရောက်မီ အပြင်မီးတား လမ်းတစ်ဝိုက် စိုက်ခင်းဝန်းကျင်ကို စောစီးစွာ မီးရှို့ထားခြင်းဖြစ်သည်။ မီးလှန်ခြင်းကို ညနေ နေအေးချိန် လူအင်အားဖြင့်ဆောင်ရွက်ပြီး မီးငြိမ်းသတ်ခဲ့ရသည်။

မျိုးဥယျာဉ်တည်ထောင်ခြင်း၊ သစ်စေ့စုဆောင်းခြင်း

ပထမဦးစွာ မျိုးစေ့စုဆောင်းရမည်။ ကျွန်းမျိုးစေ့သည် နှစ်စဉ် ဖေဖော်ဝါရီလ၊ မတ်လများ၌ ရင့်မှည့်ကြွေလေ့ရှိသည်။ ကြိုတင်စုဆောင်းရမည်။ မျိုးကောင်းမျိုးသန့်ရရန် လိုသည်။ သစ်စေ့ထုတ်ဧရိယာများ၊ ကျွန်းမျိုးဥယျာဉ်များ၊ သဘာဝတောများမှ အောင်လုံသော မိခင်မျိုးပင်များမှ စုဆောင်းနိုင်သည်။

သာမန်အားဖြင့် ကျွန်းသီးအစေ့ တစ်တင်းလျှင် အစေ့ပေါင်း ၁၂၈၀၀ (တစ်ပြည် ၈၀၀)ပါဝင်သည်။ ပျမ်းမျှ ကောင်းသောသစ်စေ့ ၁၀ရာခိုင်နှုန်း၊ အသိမ်အဖျင်း ၉၀ရာခိုင်နှုန်းပါဝင်သည်။ သို့ကြောင့် ကျွန်းသီး တစ်တင်းလျှင် အပင် ၁၂၈၀ပေါက်နှုန်းရှိသည်။ တစ်ဧက ပန္နက်ပါဝင်မှု (၉'×၉')ပေ အပင် ၅၄၀နှင့် သေပင်ဖာထေးရန် ၂၀ရာခိုင်နှုန်း ၁၀၈ပေါင်းလျှင် အပင်ပေါင်း တစ်ဧကတွက် ၆၄၈လိုမည်။ ကျွန်းသီးတစ်တင်းလျှင် ၁ဒသမ၉၈ဧက စိုက်နိုင်သည်ဟုဆိုရပါမည်။ (အနီးစပ်ဆုံးကျွန်းစေ့လိုအပ်ချက် တစ်ဧကလျှင် ၁၀ပြည်နှုန်းဖြင့် တွက်ချက်နိုင်သည်။)

ပျိုးထောင်ခြင်း

ပျိုးစင်တည်ဆောက်ခြင်း၊ မြေဆွေးစုဆောင်းခြင်း၊ ပလတ်စတစ်မြေသွတ်ခြင်း၊ ပျိုးပေါင်များဖော်ခြင်း စသည်ဖြင့် ပျိုးထောင်ခြင်းလုပ်ငန်းကို စိုက်ပျိုးချိန်၌ ပျိုးပင်သက်ရက် (၁၅၀-၁၈၀)နှင့် အမြင့် တစ်ပေနှင့်အထက်ရရှိရန် ဒီဇင်ဘာလ၊ ဇန်နဝါရီလမှ စတင်ပျိုးထောင်ရပါမည်။ အတွေ့အကြုံအရ ကျွန်းသီးမှ ပျိုးပင်ပေါက်ရောက်မှု အခက်အခဲတွေ့ရသည်မှာ အစေ့ကို ဖုံးအုပ်ထားသော အပေါ်ခွံဖော့သားကို အပင်လောင်းအညှောက်လွယ်ကူစွာ အမြန် ထိုးဖောက်ထွက်နိုင်ရန် ဖြစ်ပါသည်။ ထို့ကြောင့် သစ်စေ့ကို ပြုပြင်ရပါသည်။ ရေစိမ်နေပူလှန်းခြင်းစနစ် ဖြစ်သည်။ စီးနေသော ချောင်းရေ (သို့မဟုတ်) ရေအိုင်တွင် ကျွန်းသီးအိတ်ကို ညရေစိမ်ထားပြီး နေ့တွင် နေလှန်းခြင်းဖြင့် သုံးရက်မှ ငါးရက်ခန့် ပြုလုပ်ပေးပါက အညှောက်ပေါက်မြန်ပါသည်။ အတွေ့အကြုံအရ ဂုန်နီအိတ်ဖြင့်ထည့်လျှင် ပူအိုက်စိုစွတ်မှု အလွန်ကောင်းသဖြင့် အိတ်ထဲမှာပင် အညှောက်ပေါက်သည်ကို တွေ့ရဖူးသည်။

ထိုသို့ပြုပြင်ပြီး ကျွန်းသီးများကို သဲပျိုးပေါင်များတွင် ဖြန့်ကြဲ၍ တစ်လက်မခန့်မြုပ်ပြီး ရေပုံမှန်လောင်းပျိုးထောင်ပါက ရက်သတ္တနှစ်ပတ်အတွင်း ကောင်းစွာ အညှောက်ပေါက်ပါသည်။ မင်္ဂလာရွက်(ရွက်ဆင့်) နှစ်ဆင့်မျှထွက်လာလျှင် ပျိုးအိတ်ထဲသို့ ရွှေ့ပြောင်းစိုက်နိုင်ပြီ ဖြစ်ပါသည်။ ဒုတိယနှစ်၌ စိုက်ခင်းတိုးချဲ့ရန်ရှိပါက သစ်စေ့အပိုဆောင်းဝယ်ယူပြီး ကျွန်းငုတ်တက်ပြုလုပ်ရန် ပျိုးပေါင်များဖြင့် ကြိုတင် ပျိုးထောင်ထားသင့်ပေသည်။

ပုဂ္ဂလိက ကျွန်းစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းရှင်များအတွက် လိုအပ်မည့် မြေ၊ မျိုးစေ့၊ ပျိုးပင်နှင့် စိုက်ပျိုးပြုစုတည်ထောင်ခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ နည်းပညာများနှင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတို့ကို သစ်တောဦးစီးဌာနက လမ်းညွှန်ခြင်း၊ အကြံပြုခြင်း၊ ကြီးကြပ်ခြင်းဖြင့် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပေသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏ သစ်တောကဏ္ဍတွင် နိုင်ငံတော်အစိုးရ ချမှတ်ထားသော မူဝါဒအရ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ပြည်သူအများ ပူးပေါင်းပါဝင်လျက် အမျိုးသားရေးအသွင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် **ပုဂ္ဂလိကကျွန်းအပါအဝင် သစ်တောစိုက်ခင်းများတည်ထောင်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် ပြည်တွင်း ပြည်ပရောင်းဝယ်ဖောက်ကားခွင့် လုပ်ငန်းများကို ဖော်ထုတ်ပေးလိုက်ခြင်းသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသအလိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုပါ တစ်ပြိုင်နက် ရေရှည်အကျိုးပြု နေမည့် လုပ်ငန်းဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။** ။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွှဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြန်မာနိုင်ငံ ဗိသုကာအသင်း ဗိသုကာစကားဝိုင်း

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ဗိသုကာစကားဝိုင်း(၀၄/၀၉)ကို ဧပြီရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room တွင် ပြုလုပ်မည်ဖြစ်ပြီး ဆွေးနွေးမည့် ခေါင်းစဉ်မှာ Thesis Research Technique And Methodology ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ဗိသုကာအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်မိုးမိုးလွင် ဖုန်း-၀၉-၈၇-၆၃၅၀၀သို့လည်းကောင်း၊ ရုံးအဖွဲ့မှူး ဒေါ်နီလာကျော် ဖုန်း-၀၉-၅၁-၁၆၉၈၂ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

စာမျက်နှာ ၁၁ မှ

လည်းကောင်း၊ ၂၀၀၈ခုနှစ် စာပေဗိမာန်ဝတ္ထုရှည်ပြိုင်ပွဲ၌ ဒုတိယဆုရရှိသူ မြဝတီရပ်မြင်သံကြားမှ အရာခံဗိုလ် (အစားခန့်) သက်ဦး၊ ၂၀၀၈ခုနှစ် နေပြည်တော်ယာဉ်စည်းကမ်းလမ်းစည်းကမ်း မြှင့်တင်ရေး အသိပညာပေး(ဗဟိုအဆင့်)ဝတ္ထုတိုပြိုင်ပွဲ၌ ပထမဆုရရှိသူ တပ်ကြပ်ကြီး (အစားခန့်) ယဉ်မျိုးခိုင်၊ ၂၀၀၈ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ တေးသီချင်းပြိုင်ပွဲ၌ တတိယဆုရရှိသူ မြဝတီရပ်မြင်သံကြားမှ အရာခံဗိုလ်(အစားခန့်)လေးနိုင်၊ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)၌ ဆုရရှိသူများဖြစ်ကြသော အဆိုဝါသနာရှင်အဆင့် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ၌ ဒုတိယဆုရရှိသူ မြဝတီရပ်မြင်သံကြားမှ အရာခံဗိုလ်ထွန်းထွန်းဦး၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) အကပြိုင်ပွဲ၌ ဒုတိယဆုရရှိသူ အမှတ်(၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး (အစားခန့်) မြင့်မြင့်အေးသိန်းတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းလွင်ဦးက တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသော အရာခံအဆင့် ပထမဆုရရှိသူ အမှတ်(၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းမှ ဒုတိယအရာခံဗိုလ်အောင်ထွန်းဦး၊အမှတ်(၂) ပညာရေးကျောင်းမှ တပ်ကြပ်ကြီးနေလင်း၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေးတပ်မှ) တပ်ကြပ်ကျော်သူရ၊ အမှတ်(၉) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းမှ ဒုတိယတပ်ကြပ်ခင်မောင်လတ်၊ တပ်သားအဆင့် ပထမဆုရ အမှတ်(၆) ပညာရေးကျောင်းမှ ဒုတိယတပ်ကြပ် စန်းဗိုလ်ဗိုလ်၊ တပ်သားအဆင့် ပထမဆုရ အမှတ်(၂)တိုက်ပွဲဝင် စည်းရုံးရေးသင်တန်းကျောင်းမှ တပ်သား နေကိုထိုက်နှင့် တပ်သားအဆင့် တတိယဆုရ မြဝတီရပ်မြင်သံကြားမှ တပ်သား ဇင်ကိုကိုတို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုလက်ဆောင်

ယင်းနောက် တာဝန်ရှိသူများက မြဝတီရပ်မြင်သံကြားအား အဘက်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များအားလည်းကောင်း၊ မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့် ဓာတ်ပုံပညာရှင်များအား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖျော်ဖြေတင်ဆက်

အခမ်းအနားအပြီးတွင် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး မြဝတီတေးဂီတအဖွဲ့နှင့်တွဲဖက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ တေးသံရှင်များက တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

ပရီမီယာလိဂ် ပွဲစဉ်(၃၁)

ဘလက်ဘန်း	၂ - ၁	စပါး
ချယ်လ်ဆီး	၂ - ၀	နယူးကာဆယ်
ဝက်စ်ဟမ်း	၂ - ၀	ဆန်းဒါးလန်း
စတုတ်	၂ - ၀	ဝက်စ်ဘရွန်း
အာဆင်နယ်	၂ - ၀	မန်စီးတီး
ဟူးလ်စီးတီး	၀ - ၀	ပို့စ်မောက်
ဘော်လ်တန်	၄ - ၁	မစ်ဒယ်ဘရော့
လီဗာပူး	၁ - ၀	ဖူလ်ဟမ်

(မြန်မာ့အလင်း)

အင်တာနက် ကျန်းမာရေး

အဝါရောင် အသီးအရွက်များကို ပုံမှန်စားသုံးလျှင် အမျိုးသားများ ဆီးကျိတ်ရောဂါဖြစ်ပွားမှုလျော့နည်းနိုင်

အဝါရောင်ဟင်းသီးဟင်းရွက်များသည် ကျောက်ကပ်ရောဂါ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ကနေဒါသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

တိုက်ဖျက်

အဝါရောင် ဟင်းသီးဟင်းရွက်များတွင် ပရိုတင်းဓာတ် အမျိုးအစားများစွာပါဝင်သည့်အပြင် ကျောက်ကပ်ကင်ဆာ ဖြစ်ပွားစေနိုင်သော ဆဲလ်များအား တိုက်ဖျက်နိုင်စွမ်းရှိကြောင်း သိရသည်။

လေးကြိမ်ခန့်စားသုံး

အဝါရောင် ဟင်းသီးဟင်းရွက်များတွင် မုန်လာဥနီ၊ ကန်စွန်းဥဝါ၊ လိမ္မော်သီး၊ ပန်းသီးနှင့် အခြားအသီးအရွက်များဖြစ်သည်။ အဆိုပါအသီးအရွက်များကို သီတင်းတစ်ပတ်လျှင် လေးကြိမ်ခန့်စားသုံးပေးပါက ဆီးကျိတ်ရောဂါကင်းဝေးနိုင်ကြောင်း သိရသည်။

အဆိပ်အတောက်

အဝါရောင်အသီးအရွက်များမှာ အမျိုးသားများအတွက် ကျန်းမာရေးကို ပိုမိုအထောက်အကူပြုစေကြောင်း၊ သွေးနှင့်ပတ်သက်သည့် ရောဂါများဖြစ်ပွားမှုလျော့နည်းစေပြီး သွေးထဲတွင်ပါဝင်သော အဆိပ်အတောက်များကို ဖယ်ရှားသန့်စင်စေနိုင်ကြောင်း ကနေဒါသုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ရက်ပြင်ဆင်သတ်မှတ်ခြင်း

နေပြည်တော် ဧပြီ ၄

နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ မြို့တော် ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော်ဂေါက်ကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မတ် ၂၀၊ ၂၂ နှင့် ၂၄ ရက် သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

အထက်ပါ နေ့ရက်များအစား ၁၄ ရက်တွင် မြို့တော်ဂေါက်ကွင်း၊ ၁၅ရက်တွင် ရေပြာတပ်မတော်ဂေါက်ကွင်း၊ ၁၆ ရက်တွင် နေပြည်တော်ဂေါက်ကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။**

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်း လုံးဝမတီးရ။

(ခ) **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

(ဂ) **သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာ စစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။**

(ဃ) **ယခုအခါ အချက်အချာကျသော လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA, RED LIGHT RUNNING CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကို အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာအရေးယူ ဆောင်ရွက်သွားပါမည်။**

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မည်စိန္တမ်း ပါစေနှင့်"**

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

လသာမြို့နယ်အတွင်း မူခင်းကျဆင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ပညာပေး ဟောပြောပွဲကို ဧပြီ ၂ရက်က အမှတ်(၈)ရပ်ကွက် လသာမြို့နယ် အမက(၂) လသာကျောင်းခန်းမ၌ ကျင်းပရာ လသာမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းဦးက မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ဆောင်ရန်နှင့် ရှောင်ရန် သိကောင်းစရာများကို ပညာပေးဆွေးနွေးဟောပြောစဉ်။

(၁၀၆)

5-4 (12).pmd 1 4/5/2009, 3:30 AM

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်နေ
ဦးငွေဝင်း(ညွှန်ကြားရေးမှူး၊
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)-
ဒေါ်ခင်ငွေးမြင့် (အထပြ-ငြိမ်း) တို့၏သား

ဗိုလ်ပြည့်သော်
B.E (Electronics) (D.S.T.A)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ
ဦးအောင်ဆွေ (ဒါရိုက်တာ၊ လင်းရာမအီလက်ထရွန်နစ်)-
ဒေါ်ခင်ရီထွေး တို့၏သမီး

မခင်နီအောင်
B.E (Chemical)

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူခွင့်ပြုချက်အရ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ပြည့်သော်-မခင်နီအောင်။

နဂါးကိုးကောင် ရတနာရွှေဆိုင်

ရွှေရောင်လွှမ်းမည့်နှစ်သစ်သကြြန်ပွဲတော်

အထူးလျှော့ဈေး မတ်လ ၂၂ ရက်မှ ဧပြီလ ၁၂ ရက် အထိ

* အကောင်းဆုံးရွှေရည် 999.9 ဒီဇိုင်းသစ်များ
* ဆန်းသစ်သော စက်ဒီဇိုင်းများကို မှီခိုထားသော လက်ဒီဇိုင်းဖြင့် ထွင်ထုတ်သည့် လက်ဝတ်ရတနာအမျိုးမျိုးကို

မူလအလျှော့တွက်နှုန်းထားများ၏ 30% မှ 50% အထိ လျှော့ချရောင်းချပေးပါမည်။

☎ : 253327, 253817

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု တန့်ယန်းမြို့နယ်၌ ကျေးလက်ရေပေးရေးဖွင့်

တန့်ယန်း ဧပြီ ၄

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ပေးခဲ့သော တန့်ယန်းမြို့နယ် လွယ်ဈေး-ပန်မောင်ကျေးရွာ စိမ့်စမ်းရေသွယ် ကျေးလက်ရေပေးရေးဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ရက် က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူရနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(မြို့နယ်စည်ပင်)**



● *ကျော့ဖုံးမှ*

ယနေ့ညနေ၃နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပရာ တွေ့မရှောင်(KLN)က စောဂပရေမှူး(တွံတေး)ကို ဒုတိယအချီ၌ အနိုင်ရရှိကာ ပထမတန်းဒင်္ဂါးရွှေအောင်လံကိုဆွတ်ခူးသွားသည်။

ယနေ့ပြိုင်ပွဲကိုလည်းဒင်္ဂါးရွှေအောင်လံ ဆီမီးဖိုင်နယ် ပွဲမှာကဲ့သို့ပင် ခမ်းနားသိုက်မြိုက်စွာကျင်းပခဲ့ပြီး အဆိုတော်ဦးသုမောင်က အောင်လံချီးပြီး ခါးထိုးလို့ပြန် ဒင်္ဂါးရွှေအောင်လံအဖွင့်သီချင်းကို သီဆိုခဲ့သည်။

ရှေ့ပိုင်းအထူးပွဲ

ပြိုင်ပွဲကို ပွဲစဉ်ပေါင်း ကိုးပွဲဖြင့် ကျင်းပခဲ့ရာ ရှေ့ပိုင်း လေးချီ အထူးပွဲသုံးပွဲ၌ သိန်းညီညီ(အလင်းရောင်)က ဟိန်းကိုလတ်(ရွှေခြင်္သေ့)ကို ညာဝိုက် လက်သီးဖြင့် ဒုတိယအချီ ၁မိနစ် ၁၉စက္ကန့်၌လည်းကောင်း၊ အောင်သူရ(ဒေါင်းမြန်မာ)က တစ်ကောင်ဘွား (အလင်းရောင်) ကို ဒူးထောင်ဖွပ်ချ၍ ဒုတိယအချီ ၁မိနစ် ၃၄ စက္ကန့်၌လည်းကောင်း၊ ထွန်းလူ(တိုက်ဂါး)က စောသာဖို (မြန်မာသွေးသစ်)ကို တံတောင်ရိုက်ချက်များဖြင့် စတုတ္ထအချီ ၁မိနစ် ၂၂စက္ကန့်၌လည်းကောင်း အသီးသီး အလဲထိုး အနိုင်ယူသွားကြသည်။

ငါးချီစိန်ခေါ်

ငါးချီ စိန်ခေါ်ပွဲအစတွင် ဝမ်းတူး (ဒေါင်းမြန်မာ)နှင့် ပအိုဝ်းလေး(အလင်းရောင်)တို့ ယှဉ်ပြိုင်ကြသည်။ ဝမ်းတူးက အမည်နှင့် လိုက်အောင်ပင် အားပါသော ဝမ်းတူး(ဘယ်ထောက်၊ ညာခြေဖြောင့်) တွဲလုံးကို အပီထိုးရာ ပအိုဝ်းလေး မျက်နှာတည့်ထိပြီး အမှတ်စဉ် အရေခံရသည်။ ဝမ်းတူးက အားတက်သရော ဖွင့်ထိုးသည့်အတွက်ပအိုဝ်းလေး၏ညာဖြောင့် လက်သီးမှန်ကာ အမှတ်စဉ် အရေခံရသည်။ သူတစ်ပြန် ကိုယ်တစ်လှည့် အမှတ်စဉ် အရေခံရလောက်အောင် ရင်ဆိုင်ကြသည့်အတွက် ပရိသတ်ကြိုက်သော ပွဲကောင်းတစ်ပွဲဖြစ်သော်လည်း ပွဲချိန်မကြာလိုက်ပေ။ မာဂုဏ်မြင့်သော ဝမ်းတူးကပအိုဝ်းလေး၏ လက်သီးများထိနေသည့်ကြားမှ နောက်မဆုတ်ဘဲ အားပါသောညာဖြောင့်ဖြင့် အပိုင်ပစ်ထိုးသည့်အတွက် ပအိုဝ်းလေး ဒုတိယအချီ ၂မိနစ် ၅၉စက္ကန့်၌ အနားတောင်းရပြီး တတိယအချီ ၂၂စက္ကန့်၌ အလဲထိုးခံလိုက်ရသည်။

ပွဲစဉ်(၅)မှ ဒေါင်းသည်းခြေ(နှစ်ရှည်ဥယျာဉ်)သည် အလုံးအရပ်သာလွန်သော ရန်ဆက်နိုင်(တောင်ကလေး)ကို ရှေ့ပိုင်းအချီများ၌ အသည်းမာမာ ဖွဲ့ပါပါဖြင့် သူတင်ကိုယ်တင်ယှဉ်သော်လည်းတဖြည်းဖြည်း အနိမ့်ဘက်သို့ ရောက်လာပြီး တစ်ဖက်သတ် အထိုး၊ အကန် ခံရသည့် အဆင့် ရောက်လာသောကြောင့် စတုတ္ထအချီ ၁မိနစ် ၃၈ စက္ကန့်၌ ဒိုင်ပွဲရပ်ကာ ရန်ဆက်နိုင်ကို အနိုင်ပေးလိုက်သည်။

ဖိုးကေ(မန္တလေး)၏ ညာခြေကန်ချက်ကို ဒေါင်းညိုလေး(ဒေါင်းမြန်မာ) ဤသို့ ကာကွယ်ထားရသည်။ (မြန်မာ့အလင်း)

ပွဲစဉ်(၆)

ပွဲစဉ်(၆)တွင် ကျော်ကြီးနိုင်ထူးလွင် (တောင်ကလေး)က ဟိန်းညီညီ(မြို့တော်စည်ပင်)၏ ထောက်၊ ဖြောင့်၊ ပင့်၊ ဝိုက် လက်သီးများ ဂျော(မေးရိုး)ကိုထိနေသည့်ကြားမှ တစ်လှမ်းချင်း ရှေ့တိုးကာ အပိုင်ချုပ်၍ ဒူးဖြင့်ပွဲသိမ်းရန် ကြိုးစားသည်။ ဟိန်းညီညီသည် လက်သီးအထိုးကျင့်ရသည့် အလား ထိုးတိုင်းထိနေသော်လည်း နိုင်ထူးလွင်၏ မာဂုဏ်ကြောင့် အားကုန်လာပြီး တစ်ဆုတ်တည်း ဆုတ်နေရသည်။ နိုင်ထူးလွင် အပိုင်ချုပ်တိုက်သည့်အခါ ဟိန်းညီညီက လှည့်ချ၊ လှန်ချသည့်အတွက် ထိချက်မပိုင်ဘဲ သရေပွဲဖြစ်သွားသည်။

ပွဲစဉ် (၇)

ပထမတန်းချန်ပီယံဟောင်း ဝမ်ချိုင်း (မြဝတီ)နှင့် ဇာနည်ဆင်ရိုင်း(တိုက်ဂါး)တို့ ယှဉ်ပြိုင်ကြသည့် ပွဲစဉ်(၇)ကသုံးချီ အထူးပွဲဖြစ်သည်။ နှစ်ဦးစလုံးက ဗိုက်ရွှဲ၍ လေးလံနေကြသည့်အတွက် စိတ်တိုင်းကျ တိုက်ကွက် မဖော်နိုင်တော့ဘဲ အလဲထိုးရန် ခက်ခဲနေသဖြင့် သရေပွဲဖြစ်သွားသည်။ဝမ်ချိုင်း၏ တိုက်စစ်ဖွင့်ဝင်ဟန်နှင့် ပြိုင်ဘက်၏ တိုက်စစ်ကို ဖမ်းဆို့ထားဟန်များက လှပသေသပ်သော်လည်း ငယ်စဉ်က "နှင်ချီ" မျိုးမရှိတော့သဖြင့် သရေပွဲနှင့် ကျေနပ်လိုက်ရခြင်း ဖြစ်သည်။

ပွဲစဉ်(၈)

ပွဲစဉ်(၈)ကပရိသတ်အထင်နှင့် အမြင်လွဲခဲ့ရသောပွဲဖြစ်သည်။ ဝါရင့်လက်ဝှေ့ကျော်ဒေါင်းညိုလေးကဘမျိုးဘိုးတူလက်ဝှေ့သမားမဟုတ်ကြောင်း ဝါနုလက်ဝှေ့သမား ဖိုးကေ(မန္တလေး)ကို ဒုတိယအချီ ၂မိနစ် ၄၁စက္ကန့်၌ ဆက်လက်မယှဉ်ပြိုင်တော့ဘဲ အရှုံးပေးခြင်းဖြင့် ပြသသွားခဲ့သည်။ ပထမအချီတွင် ဒေါင်းညိုလေး၏ လှုပ်လှုပ်ထနေသော ဘယ်ထောက်လက်သီးများကြောင့် ဖိုးကေလန့်ထွက်နေသည်။ သို့ရာတွင် ဖိုးကေကအနာခံ၍ ဘယ်ထောက်ချင်းဆိုင်ကာ အားပါသော ညာဖြောင့်လက်သီးကို ရင်ထိုးသည်။ ဒေါင်းညိုလေးက ဖိုးကေ လက်သီးအကွဲ့တွင် ဝင်ဖက်သော်လည်း ၎င်းထက်အရပ်မြင့်သော ဖိုးကေ၏ဒူးက အရင်ဆုံးထွက်လာသည်။ ဒေါင်းညိုလေးက ချုပ်မိလျှင် ခြေကလန်လှဲချ၍ ခေါင်းဆက်ကပ်ဖိ သတ်ကွက်သုံးရန် ကြိုးစားသော်လည်း အားသန်သော ဖိုးကေက ဒေါင်းညိုလေး စိတ်ကြိုက်သတ်ကွက်အတိုင်း အကျမခံဘဲ လေထဲတွင် ကိုယ်ကို ဆွဲလှည့်နိုင်သည့်အတွက် နှစ်ဦးသား ဘေးတိုက်လဲကျခြင်းမျိုးသာဖြစ်သည်။ ဒေါင်းညိုလေးသည် အပေါ်မှာဖိချသည့် ကပ်မိသတ်ကွက်ထင်တိုင်းမပေါက်သဖြင့် အောက်မှဒူးထောက်ဖွပ်ချသည့် သတ်ကွက်ကို သုံးပြန်သော်လည်း အဆင်မပြေကြောင်း တွေ့ရသည်။ လူချင်းပူးနေချိန်တွင်လည်း ဖိုးကေက နံဘေးကို ညာလက်သီးဖြင့် ဒေါင်လိုက်ကပ်ထိုးနေပြန်သောကြောင့် ဒေါင်းညိုလေး တဖြည်းဖြည်း သတ်ကွက်ပျောက်လာသည်။ အထူးသဖြင့် ၎င်း၏ဘယ် ထောက်လက်သီးဒဏ်ကြောင့် ပါးစပ်ထဲမှ ရော်ဘာသွားကာ လွင့်စဉ်ထွက်သွားသော်လည်း ဖိုးကေ နောက်မတွန့်ဘဲ ပြင်းထန်သော ဝိုက်တွဲလက်သီးများဖြင့် လိုက်ဖိသည့်ဒဏ်ကို ဒေါင်းညိုလေး သွေးပျက်လာပြီး ဒုတိယအချီ ၂မိနစ် ၄၁စက္ကန့်၌ တိတိပပထိရခြင်း (ပွဲသိမ်းထိုးချက်အထိခံရခြင်း) မဟုတ်ဘဲ အနားတောင်းရာမှ ဆက်လက်မယှဉ်ပြိုင်လိုတော့ကြောင်း ခုံဒိုင်ချုပ်ထံ အကြောင်းကြား၍ အရှုံးပေးသွားခြင်း ဖြစ်သည်။ မြန်မာ့ရိုးရာ လက်ဝှေ့အောင်လံ လုပွဲများတွင် ကြောက်ရှုံး၊ ကွဲရှုံး၊ သက်လုံရှုံးနှင့် အလဲထိုးခံအရှုံး ဟူ၍ ရှိရာ ယခု ဒေါင်းညိုလေး ရှုံးသွားခြင်းသည် ရှားပါးလှသော ကြောက်ရှုံး အမျိုးအစားထဲ၌ ပါဝင်ကြောင်း လက်ဝှေ့သမားဟောင်းကြီး တစ်ဦးက သုံးသပ်ပြောကြားသည်။

ယနေ့ပွဲ၏ နောက်ဆုံးပွဲစဉ်နှင့် ပထမတန်း ဒင်္ဂါးရွှေအောင်လံ ဗိုလ်လုပွဲအဖြစ် တွေ့မရှောင် (KLN)နှင့် စောဂပရေမှူး (တွံတေး)တို့ ယှဉ်ပြိုင်ကြသည်။ ပွဲမစမီက တွေ့မရှောင်က အလဲထိုး၍ အနိုင်ရမည်ဟု ထင်ထားကြသော်လည်း စောဂပရေမှူးက အကျိုးရိုက်၍ အရှုံးယူသွားကြောင်းတွေ့ရသည်။ ပထမအချီအစတွင် တွေ့မရှောင်က အတင်းဝင်ကပ်ကာ ပါဝါလက်သီးတွဲများဖြင့် တိုက်စစ်ဆင်သည်။ သို့ရာတွင် အရပ် ၅ပေ ၁၀လက်မရှိသော စောဂပရေမှူး၏ ဘယ်ထောက်လက်သီးနှင့် ဘယ်ပင့်ဒူးကို မကျော်နိုင်သဖြင့် ထင်တိုင်းမပေါက်ဖြစ်နေသည်။ စောဂပရေမှူး၏ ခံစစ်လုံနေပြီး ဘယ်ထောက်လက်သီးကလည်း ထိရှမှုပေးနိုင်သောကြောင့် အချီဝက်ခန့်တွင် တွေ့မရှောင် နည်းဗျူဟာပြောင်းလာသည်။ စောဂပရေမှူး၏ ရှေ့ခင်းဘယ်ခြေကို ညာခြေဖြင့် အပြင်းခတ်၍ ဘယ်ခြေဖြင့် အတွင်းခတ်သည်။ နံဘေးကို ညာပတ်ခြေကန်သည်။ အခွင့်သာလျှင် ညာလက်သီးဖြင့် နံဘေးကို ဆင့်ဆင့်ထိုးသည်။ စောဂပရေမှူးကလည်း တွေ့မရှောင်၏ ကန်ချက်ကို အတွင်းမှ ဆိုင်ကန်သည်။ အနီးကပ်ဝင်လာလျှင် ဘယ်ဒူးဖြင့် ပင့်သည်။ လှမ်းထိုးလျှင် ကန့်လန့်ဒူးဖြင့် ဟန့်သည်။ နည်းပြဆရာ ဦးဝင်းဇင်ဦး၏ နည်းစနစ်နှင့် နည်းဗျူဟာ ချမှတ်မှုကို စောဂပရေမှူးက အကောင်အထည်ဖော်နိုင်သဖြင့် ပွဲက တွေ့မရှောင် တစ်ဖက်သတ် မဟုတ်ဘဲ ကြည့်ကောင်းသောပွဲဖြစ်သည်။ အချို့ အမြင်မကြည်လင်သော ပရိသတ်များ အစွန်းရောက်တွေးထင်ထားသကဲ့သို့မဟုတ်ကြောင်းလက်ဝှေ့သမား နှစ်ဦးက သက်သေပြခဲ့သည်။ တွေ့မရှောင်ကလည်းစောဂပရေမှူးကိုညာခြင်းမဟုတ်ဘဲ စောဂပရေမှူး၏ ကောင်တာကိုသတိထားနေရခြင်းဖြစ်သည်။ ထိုကြားမှပင် ရုံခါ၌ တံတောင်ရိုက်ချက်များ၊ဘယ်ထောင် လက်သီးများထိရှပြီးထိုင်ကျသွားခြင်းမျိုးရှိခဲ့သည်။

ဒုတိယအချီ ၁မိနစ် ၃၁စက္ကန့်တွင် သမ္ဘာက စကားပြောသွားကြောင်း တွေ့ရသည်။ စောဂပရေမှူးက တွဲလုံးဖြင့် တိုးဝင်လာသော တွေ့မရှောင်ကို ဘယ်ထောက်လက်သီးဖြင့် ဟန့်ကာ ညာတံတောင် အပိုင်ရိုက်ချလိုက်သည်။ တွေ့မရှောင်က ဘယ်ထောက် နောက်တွင်လိုက်လာမည့် ညာတိုက်ကွက်ကိုခေါင်းထိုး၍ခံထားလိုက်သဖြင့် စောဂပရေမှူး၏ ညာလက်ဖျံအရင်းနှင့် တွေ့မရှောင်၏ ချိုစောင်းတို့ ပြင်းထန်စွာ ထိတွေ့မိပြီး စောဂပရေမှူး ဘယ်လက်ဖြင့် ညာလက်ကိုထိန်းကာ ရှုံ့မဲ့ ညည်းညူသွားရသည်။ ထိုရိုက်ချက်က တံတောင်အချွန်(Point) ဖြင့် ထိမည်ဆိုလျှင် တွေ့မရှောင် ဟက်တက်ကွဲသွားမည် ဖြစ်သော်လည်း ထိချက်လွဲသောကြောင့် စောဂပရေမှူး ကျိုးရှုံး ရှုံးသွားရသည်။

တွေ့မရှောင်သည် ၂၀၀၈ခုနှစ် မေလ ၃ရက်ကလည်း ဩစတြေးလျနိုင်ငံတွင် WBA ချန်ပီယံဟောင်းနှင့် ဥရောပကစ်ဘောက်ဆင်ချန်ပီယံ ဟန့်စ်ဘာဂါကို ယခုသုံးသော လက်သီးကောင်း ခေါင်းချိုးသတ်ကွက်ဖြင့် ပင့်ဘယ်လက်ခုံရိုးကျိုးစေကာ ဒုတိယအချီ၌ အနိုင်ယူခဲ့ဖူးသည်။ ပြိုင်ပွဲအပြီးတွင် ခုံဒိုင်ချုပ်ဆရာကြီး ဦးဒေါင်းနီက တွေ့မရှောင်ကို ပထမတန်း ဒင်္ဂါးရွှေအောင်လံကို ရေးမှုမပျက် ခါးထိုးပေး၍ ချီးမြှင့်သည်။

ဆုငွေ

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က တွေ့မရှောင်ကို ဂုဏ်ပြုဆုဖလားနှင့် ဆုငွေကျပ် ၂၅သိန်း ချီးမြှင့်ပေးပြီး စောဂပရေမှူးကို ဆုငွေကျပ် ၁၈သိန်းချီးမြှင့်ပေးသည်။

ဒင်္ဂါးရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲကြီး အောင်လံလုပွဲအဆင့် ဒုတိယနေ့ ပွဲစဉ်ကို ဧပြီ ၅ရက်**(ယနေ့)**တွင်လည်း ညနေ ၃နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်ရာ ဆုကြေးငွေကျပ်သိန်း ၃၀တန် အလွတ်တန်း ဒင်္ဂါးရွှေအောင်လံကို စောမန်း (Ever Green) နှင့် ရန်ကြီးအောင် (မြို့တော်စည်ပင်)တို့ ယှဉ်ပြိုင်ထိုးသတ်လုယူကြမည် ဖြစ်သည်။ အထူး ငါးချီ စိန်ခေါ်ပွဲအဖြစ် လုံးချော(ညောင်တုန်း)နှင့် ရွှေဆိုင်း (မြိုင်ကြီးငူ)၊ ရွှေမင်းရာဇာနှစ်ရှည်ဥယျာဉ်နှင့်မြားတစ်စင်း(ရက္ခဗျာလ)၊ ရွှေသိန်းအောင် (နှစ်ရှည်ဥယျာဉ်)နှင့် သားသား(KLN)၊စောသဲမင်း(KLN)နှင့် ပိုင်သစ်ဟိုး(တောင်ကလေး)၊စနေထွန်း (မြန်မာသွေးသစ်)နှင့်ချန်ဒူးဝမ်(အဖြူရောင်သွေးသစ်)တို့ ရင်ဆိုင်ထိုးသတ်ကြမည် ဖြစ်ပြီး လေးချီအထူးပွဲ သုံးပွဲလည်း ပါဝင်ကြောင်း သိရသည်။ ။**(မြန်မာ့အလင်း)**

ဒင်္ဂါးရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲ (ဗိုလ်လုပွဲ)ပထမနေ့ကိုအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ကျင်းပရာ လက်ဝှေ့ဝါသနာအိုးများ ဤသို့ကြည့်ရှုအားပေးခဲ့ကြသည်။ (မြန်မာ့အလင်း)



ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

ကမ္ဘာကျော် သဘာဝအလှစာဆို ဂျွန်ကီ

၁၇၉၆-၁၈၂၂

အလှဟူသောအရာသည် ထာဝရ ရွှင်ကြည်မှုဖြစ်စေသည်ဟူသော စာသား လေးသည် အင်္ဂလိပ်ဘာသာတွင် ဆိုရိုး စကား တစ်ခုလိုဖြစ်နေပေပြီ။ အင်္ဂလိပ် စာပေတွင် မွေ့လျော်သူတိုင်း ထိုစာသား လေးကို သိကြသည်။ ယင်းစာသားလေး ၏ ဖန်တီးရှင် ဂျွန်ကီကို လူသိများကြ မည်ဖြစ်သော်လည်း ၎င်း၏ကြေကွဲဖွယ် ဇာတ်ကြောင်းကို သိသူရှားလှပေသည်။

သင်ကြား

ဂျွန်ကီကို ၁၇၉၆ခုနှစ်တွင် ဆင်းရဲ သော မိဘများမှ ဖွားမြင်လာခဲ့သည်။ သူ၏အဘိုးသည် မြင်းထိန်းဖြစ်ပြီး သူ၏ဖခင်သည်လည်း မြင်းထိန်းပင်ဖြစ် သည်။ သို့သော်လည်း သူ့ဖခင်၏ထူးခြား ချက်မှာ သူ့သခင်၏သမီးကို လက်ထပ်ယူ နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ဂျွန်ကီ၏မိခင်မှာ လူကုံထံတစ်ဦး၏သမီးဖြစ်သောကြောင့် သားဦးဂျွန်ကီမှာ လူလတ်တန်းစားသား သမီးများနည်းတူ ပညာကောင်းစွာ သင်ကြားနိုင်ခဲ့သည်။

တစ်ဆစ်ပို

ဂျွန်ကီသည် မိဘများထားပေး၍သာ ကျောင်းအိပ်ကျောင်းစားအဖြစ် နေထိုင်ရ သော်လည်း အိမ်ကိုလွမ်းသဖြင့် ညတိုင်း လိုလို ကျိတ်ငိုလေ့ရှိသည်။ ဂျွန်ကီ၏သတ္တိ မိတ်ဆွေ သူငယ်ချင်းများက ၎င်းအား ရှောင်ရှားကြလေသည်။

မွေးစား

လက်သီးစွမ်းပြပြီး ရန်လိုခြင်းသည် သူ၏ဝါသနာမဟုတ်ဘဲ ရန်စလာသူများအား လက်တုံ့ပြန်ခြင်းမျှသာဖြစ်သည်။ ဂျွန်ကီ၏ ဝါသနာအစစ်အမှန်မှာ စာအုပ် စာပေ၌ မွေ့လျော်ခြင်းပင်ဖြစ်သည်။ ဂျွန်ကီ ၁၅နှစ် မပြည့်မီ မိဘနှစ်ပါးစလုံး ဆုံးပါးခဲ့သည်။ ဖခင်မြင်းထိန်းမှာ မြင်းပေါ်မှ လိမ့်ကျသော ကြောင့်လည်းကောင်း၊ မိခင်ဖြစ်သူမှာ အဆုတ်နာရောဂါကြောင့် လည်းကောင်း အသီးသီးဆုံးပါးသွားခဲ့ကြသည်။ ၎င်းအား မစ္စတာအက်ဘီဆိုသူက ခေါ်ယူမွေးစားခဲ့ သည်။

ရေးဖွဲ့

မိဘများကွယ်လွန်ပြီးနောက် ဂျွန်ကီ သည် မတောင့်မတမကြောင့်မကြမနေနိုင် တော့ချေ။ မစ္စတာအက်ဘီက ၎င်းအား ကျောင်းဆက်မထားဘဲ ဆရာဝန်တစ်ဦးထံ တွင် ဆေးပညာလက်တွေ့သင်ကြားစေခဲ့ သည်။ ဆေးပညာ၌ ဝါသနာမပါသူ ဂျွန်ကီ သည် အလုပ်၌ ငြီးငွေ့ခဲ့သည်။ သူသည် စာဆိုကြီး စပင်ဆာ၏ နတ်နန်းဒေဝီပျို့ ကဗျာကိုဖတ်ပြီးလျှင် စာပေတွင်ပိုမို သာယာ နှစ်မျောခဲ့သည်။ ဆေးပညာတွင် စိတ်မပါ

> **ဂျွန်ကီကို ဆင်းရဲသော မိဘများဖြစ်သည့် ဖခင်နှင့် မိခင်တို့မှ ဖွားမြင်လာခဲ့၊ သူ၏အဘိုး သည် မြင်းထိန်းဖြစ်ပြီး သူ၏ ဖခင်သည်လည်း မြင်းထိန်းပင်ဖြစ်၊ သို့သော်လည်း သူ့ဖခင်၏ ထူးခြားချက်မှာ သူ့သခင်၏သမီးကို လက်ထပ် ယူနိုင်ခဲ့ခြင်းပင်၊ ဂျွန်ကီ၏ မိခင်မှာ လူကုံထံ တစ်ဦး၏ သမီးဖြစ်သောကြောင့် သားဦး ဂျွန်ကီ မှာ လူလတ်တန်းစားသားသမီးများနည်းတူ ပညာ ကောင်းစွာ သင်ကြားနိုင်ခဲ့။**

မှာ မည်သည့်ကိစ္စ၌မဆို စိတ်အာရုံပြင်းပြ လှခြင်းပင်ဖြစ်သည်။ လွမ်းစရာရှိလျှင် အများတကာထက် တစ်လွန်းတင်တတ် သကဲ့သို့ ဒေါသဖြစ်စရာရှိလျှင် အများ ထက် တစ်ဆစ်ပိုတတ်လေ့ရှိသည်။

ရှောင်ရှား

ဂျွန်ကီ၏မျက်နှာမှာ ဖြူလျော်လျော် နှင့် သွေးအားနည်းသည့် လက္ခဏာကို ဆောင်ကာ ပိန်ပါးပါးပုပြတ်ပြတ်ဖြစ်၍ လူမလေးစားစရာ ပုံပန်းမျိုးရှိစေကာမူ ရန်စလာသူမှန်သမျှအား လက်သီးနှင့်သာ တုံ့ပြန်လေ့ရှိသောကြောင့် သူ၏ ဒေါသနှင့် သတ္တိကို သိပြီးဖြစ်သော သောသူအား ဆရာဝန်က အတော်အတန် အနာများကို ခွဲစိတ်ကုသခွင့်ရှိသည့် အနာ စည်းသမားလက်မှတ်ထုတ်ပေးလိုက်သည်။ သို့သော်လည်း ဂျွန်ကီကမူ အနာကုမည့် အစား ကဗျာများကိုသာ ရေးဖွဲ့ခဲ့လေသည်။

နေထိုင်

စိတ်ဓာတ်ပြင်းထန်သူ ဂျွန်ကီသည် သူဝါသနာပါသည့်အလုပ်ကို အပြင်းအထန် လုပ်လေ့ရှိသည်။ ဂျွန်ကီသည် လောကကြီး ၌ ကြည်ညိုအားထားစရာဟု သူယုံကြည် သော သဘာဝအလှတရားကို အမြဲရှာဖွေ လေ့ရှိသည်။ သူသည်လူအများကဝိုင်း၍ ရှုတ်ချလျက်ရှိသော စာဆိုအလုပ်ကို အသက်

၂၂နှစ်အရွယ်တွင် လုံးလုံးလျားလျားလုပ် ကိုင်ခဲ့သည်။ မိဘများထံမှ ရသောပစ္စည်း လေးများကိုအရင်းပြု၍ ရရှိသော လတိုး ငွေအနည်းငယ်ဖြင့် သူ၏ညီ တွန်နှင့်အတူ ထမင်းဆိုင်ကြီးတစ်ဆိုင်၏ ဘေးအဆွယ် လေးတွင် နေထိုင်ကြလေသည်။ အခြားညီ ဂျော့မှာမူ အိမ်ထောင်ပြုကာ ဇနီးမောင်နှံ နှစ်ဦး စီးပွားရှာရန် အမေရိကန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ကြသည်။ ဂျွန်ကီ၏နှမ အငယ်ဆုံးမှာ အရွယ်မရောက်သေးသဖြင့် မစ္စတာအက်ဘီ၏ အုပ်ထိန်းမှုအောက်၌ ရှိနေဆဲပင်ဖြစ်သည်။

ရှာဖွေ

ဝါသနာပါရာကိုလုပ်ရသော ဂျွန်ကီ သည် အင်ဒီမီယံအမည်ရှိ ပို့ကြီးတစ်စောင် ကို ပြုစုခဲ့သည်။ ထုတ်ဝေပေးမည့်သူ ရှိသဖြင့် ယင်းပို့ကိုပြုစုရင်း ကျောင်းနေ ဖက် သူငယ်ချင်းများနှင့်အတူ အစမ်းစာရေး ဆရာ ဂျီဟန့်နှင့် တွဲနေခဲ့ရသည်ကို အကျေ နပ်ကြီး ကျေနပ်လျက်ရှိသည်။ ထိုအချိန်တွင် သူနှင့်အတူနေသူ တွန်သည် မိခင်ထံမှရသော အဆုတ်ရောဂါဖြင့်သေဆုံးခဲ့သည်။ တွန်အား ချစ်ခင်လှသော ဂျွန်ကီသည် စိတ်ညစ်ရာမှ အစပြုပြီး ပွဲလမ်းသဘင်များသို့ တက် ရောက်ကာ အမျိုးသမီးများကြားတွင် အချိန်ကုန်လွန်ခဲ့တော့သည်။ သို့သော်လည်း အဆိုးထဲက အကောင်းအဖြစ် အမျိုးသမီး များအကြား အလှတရားကို ရှာဖွေကာ ကဗျာဖွဲ့နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

တစိုက်မတ်မတ်

၎င်းတို့အနက် လန်ဒန်သူ ဖယ်နီ ဘရောင်းကို စွဲလမ်းနှစ်သက်မိခဲ့သည်။ သူမသည် အသက် ၁၈နှစ်ခန့်ရှိ၍ ဖျတ်လတ် တက်ကြွကာ ယဉ်ကျေးလည်းရှိပေသည်။ သို့သော်လည်း ငွေကြေးအင်အားမတောင့် တင်းသဖြင့် သူနေလိုသော အိမ်ထောင် သည်ဘဝကို အကောင်အထည်မဖော်နိုင်ခဲ့ ချေ။ ၎င်းရေးသားခဲ့သည့် စာကြောင်းရေ ၄၀၇၄ ကြောင်းပါ ကာရန်ထိမိလှသည့် ပို့ကြီး တစ်စောင်ကို နာမည်ကြီးပုံနှိပ် တိုက်က စက္ကူအချော အကောင်းနှင့် ထုတ်ဝေခဲ့သည်။ ယင်းအချက်အလက် များအရ ချီးမွမ်းခံရသော်လည်း အများက ဝိုင်းဝန်းဝေဖန် ချိုးနှိမ်ခဲ့ကြသည်။ သို့သော် လည်း ဂျွန်ကီက ၎င်း၏အလုပ်ကိုသာ တစိုက်မတ်မတ် ကြိုးစားခဲ့သည်။

အထမမြောက်

အမေရိကန်နေ ဂျော့က သူ၏ပစ္စည်း များကို လိမ်လည်ကာ ယူဆောင်သွားသော် လည်း အမျိုးသမီးသူတော်စင် စိန့်အက် ဂနီအကြောင်း ချီးမွမ်းခန်းလင်္ကာဖြင့် ငွေကို ခင်တွယ်သည့် ညှိုဖျင်းသော စိတ်ဓာတ်မရှိကြောင်း ဖော်ပြခဲ့သည်။ ယင်းလင်္ကာကို ဖွဲ့ဆိုခဲ့ရာမှ အစပြုကာ အောင်မြင်ကျော်ကြားခဲ့သည်။ သို့တိုင် အောင် သဘောထားပြည့်ဝသူ ဂျွန်ကီသည် သူ့ကိုယ်သူလိုအပ်သေးသည်ဟု ဆိုကာ ဆတက်ထမ်းပိုးကြိုးစားခဲ့သည်။ သူသည် ကရုဏာကင်းသည့်လှယမင်းပျို့ ကဗျာကို လည်း စပ်ဆိုခဲ့သည်။ ဂျွန်ကီသည် အသက် ၂၅နှစ် တစ်လအရွယ်တွင် မြင်းလှည်းဖြင့် ခရီးသွားစဉ် အအေးမိကာ သူ့မိခင်ကဲ့ သို့ပင် အဆုတ်ရောဂါ ဖြစ်ပွားခဲ့သည်။ ဆရာဝန်ညွှန်ကြားချက်အရ အီတလီသို့ သွားရောက်နေထိုင်ခဲ့ရသည်။ ယင်းနိုင်ငံ နေပယ်မြို့ရှိစာဆိုကြီးရှယ်လီက ၎င်းတို့ နှင့်အတူ နေထိုင်ရန် ဖိတ်ခေါ်သော်လည်း သူ၏ရောဂါဖြင့် ဒုက္ခမပေးလိုသော ဂျွန်ကီ သည် ရောမသို့ သွားရောက်နေထိုင်ခဲ့ သည်။ သူ၏အသက်ကို အချိန်တိုအတွင်း ဇာတ်သိမ်းရန် အဆိပ်သောက်မည်ကြံ သော်လည်း သူ၏နောက်သို့ လိုက်ပါ နေထိုင်သူ ဂျိုးဇက်ဆဲဗန်းက အဆိပ် ပုလင်းကို သိမ်းဆည်း သိုဝှက်ထားခဲ့ သဖြင့် အထမမြောက်ခဲ့ချေ။

ဂျွန်ကီသည် သူ့ချစ်သူ ဖယ်နီ ဘရောင်းထံ အလွမ်းစာလွှာပါးရင်း ၁၈၂၂ခုနှစ်ကုန်ပိုင်း အသက် ၂၆နှစ် အရွယ်တွင်၎င်းခုံမင်မြတ်နိုးလှသော စာဆို လောကကို ကျောခိုင်းခဲ့ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ရေးသားသည်။

ဘာဝဒသန

■ ***Beware the fair speech of those who boast of being virtuous. Judge them by their actions, not their words.***

❒ *မိမိကိုယ်မိမိ စိတ်သဘောထားနှင့် အကျင့်သိက္ခာကောင်းမွန်သူဟု ကြွားဝါ ပြောဆိုသူများ၏ စကားလုံးလှလှများကို သတိထားပါ။ ၎င်းတို့အား ၎င်းတို့၏ စကားများဖြင့် မဆုံးဖြတ်ဘဲ ၎င်းတို့၏ လုပ်ဆောင်မှုများဖြင့်သာ အကဲဖြတ် ပါ။*

ဖီနီလွန် (ပြင်သစ်လူမျိုးဘုန်းတော်ကြီး)။

အင်တာနက်ကျန်းမာရေး

လေဝင်လေထွက်မကောင်းသည့်အခန်းအတွင်း နေထိုင်လျှင် နှလုံးရောဂါဖြစ်ပွားရန် ရာခိုင်နှုန်းများနေ

လေဝင်လေထွက်မကောင်းသော အခန်းအတွင်း နာရီများစွာ နေထိုင်လေ့ရှိသူ များသည် နှလုံးရောဂါ ဖြစ်ပွားရန် ရာခိုင်နှုန်းများကြောင်း အမေရိကန်နိုင်ငံ မီချီဂန် တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထိခိုက်မှု

သန့်ရှင်းသော လေကို မရှူရှိုက်ရခြင်း၊ အနံ့အသက်မကောင်းခြင်းနှင့် စိတ် လွတ်လပ်မှု မရှိခြင်းတို့ကြောင့် နှလုံး၏လုပ်ငန်းစဉ်များကို ထိခိုက်မှု ဖြစ်စေကာ နှလုံးရောဂါ ရုတ်တရက် တိုက်ခိုက် ခံရနိုင်ကြောင်း သိရသည်။

သတိပေးထား

ထို့အပြင် ခရီးသည်အများအပြား တင်ဆောင်ထားသော မော်တော်ယာဉ်နှင့် ရထားများဖြင့် ခရီးသွားရခြင်းသည်လည်း နှလုံးရောဂါ ရှိသူများအတွက် နှလုံး ရုတ်တရက် တိုက်ခိုက်ခံရနိုင်ကြောင်း သတိပေးထားသည်။

ပြောကြား

ညစ်ညမ်းသောလေများသည် နှလုံးသွေးကြောများ ထိခိုက်မှုဖြစ်စေကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ပါဝင်သော လေများ၊ ဆေးလိပ်သောက်သုံးမှုများကြောင့် ထွက်ပေါ်လာသော ဆေးလိပ်မီးခိုးများအား ရှူရှိုက်ခြင်းတို့လည်း ပါဝင်ကြောင်း လေဝင် လေထွက်မရှိသော အခန်းအတွင်းရှိ လေများသည်လည်း နှလုံးသွေးကြောများကို ထိခိုက်မှု ဖြစ်စေသည်ဟု ၎င်းတို့က ပြောကြားသည်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

တန်ဖိုးအကြီးဆုံး ချောကလက်ကိတ်မုန့်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ မကြာမီက ကျင်းပခဲ့သော နိုင်ငံတကာ လက်ဝတ်ရတနာပြပွဲ ရောင်းပွဲတွင် ရွှေများဖြင့် ပြုလုပ်ထားသော ချောကလက် ကိတ်မုန့်တစ်လုံးမှာ အမေရိကန် ဒေါ်လာ ၂၅၅၈ဒေါ်လာပေးရသဖြင့် ဈေးအကြီးဆုံး ချောကလက် ကိတ်မုန့်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အပေါ်ပုံ)

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး မိုဘိုင်းလ်ဖုန်း

အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ မကြာမီက ကျင်းပခဲ့သည့် နည်းပညာပြပွဲတွင် ဆမ်ဆောင်းကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထား သော မိုဘိုင်းလ်ဖုန်းသည် အရှည် ၁၅ပေ၊ အမြင့် ၁၃ပေနှင့် အထုသုံးပေရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံးမိုဘိုင်းလ်ဖုန်းအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အောက်ပုံ)**

(အင်တာနက်ဓာတ်ပုံ)

မီဒီယာလုပ်ငန်းအပေါ် ပြည်သူများ ယုံကြည်မှုထက်သန်ခိုင်မာလာအောင် တည်ဆောက် အရည်အချင်းပြည့်ဝပြီး တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် မီဒီယာသမားကောင်းဖြစ်ရေး ကြိုးပမ်း

အမျိုးသားရေး ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် မြဝတီမဂ္ဂဇင်း အကောင်းဆုံးဆောင်းပါးဆုရ မောင်ခင်မင်(ဓနုဖြူ)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၄

မြဝတီရုပ်မြင်သံကြား (၁၄)နှစ်မြောက်နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက် ၂၀၀၈ ခုနှစ် မြဝတီ/ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ စစ်သည်၊ ဝန်ထမ်းများ၊ မြဝတီနှင့် ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးစာမူဆုနှင့် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ *

ကျန်းမာစွာအသက်ရှင်နေထိုင်နိုင်ရေးအတွက် အစားအစာကို သတိပြု စားသုံးသင့်

ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း

➤ ကျန်းမာရေးသတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး

ရန်ကုန် ဧပြီ ၄

ယနေ့ကမ္ဘာတွင် ကျန်းမာစွာ အသက်ရှင်နေထိုင်ရေးသည် အရေးကြီးလာသည်။ ကျန်းမာသန်စွမ်းမှသာ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားနိုင်မည်ဖြစ်သည်။ လူတိုင်းကျန်းမာရေးနှင့်ပတ်သက်ပြီး အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ခင်မောင်ဝင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးမွေးမြူရေးအဖွဲ့ချုပ် အဆောက်အအုံ၌ ဧပြီ ၅ ရက် မွန်းလွဲ ၂ နာရီက ဆွေးနွေးဟောပြောခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၇ ■

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊
(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

ပထမတန်း ဒဂုံရွှေအောင်လံ တွေ့မရှောင် ဆွတ်ခူး

လက်သီးကောင်း၊ ခေါင်းချိုး သတ်ကွက်ဖြင့် စောဂပရေမှူးကို ဒုတိယအချီ၌ အနိုင်ယူခဲ့ခြင်းဖြစ်

ယနေ့ စောမန်းနှင့် ရန်ကြီးအောင်တို့ အလွတ်တန်းဒဂုံရွှေအောင်လံလုကြမည်

သတင်းမြင်ကွင်း	-	ဇင်လင်းထွန်း (ဓနုဖြူ)
ဓာတ်ပုံမှတ်တမ်း	-	တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု	-	မင်းထွန်း (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ Dagon Brewery Co., Ltd. ၏ အဓိက ကူညီပံ့ပိုးမှု၊ Myanmar Media Group ၏ Idea နှင့် Media ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများဖြင့် H & S Group မှ ဦးစိုင်းဇော် ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို) တာဝန်ယူစီစဉ်သည့် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး အောင်လံလုပွဲအဆင့် (ဗိုလ်လုပွဲ) ပထမနေ့ ပွဲစဉ်များကို

စာမျက်နှာ ၁၃ ကော်လံ ၁ ●

တွေ့မရှောင်(KLN) ၏ ညာခြေကန်ချက်ကို စောဂပရေမှူး (တွံတေး) ဤသို့ ကာကွယ်ခဲ့သည်။ (မြန်မာ့အလင်း)

ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ပထမဆုရ တွေ့မရှောင်(KLN) ဆုယူအပြီး ဤသို့အောင်ပွဲခံခဲ့သည်။ (မြန်မာ့အလင်း)

5-4 (20).pmd 1 4/5/2009, 3:30 AM